ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

e – paper ဖတ်ရှုရန်

**ချမ်းသာခြင်းအကြောင်းတရား**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏၊ အခိုင်အမြဲတည်သော သဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏၊ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)

၁၃၈၈ ခုနှစ်၊ ဝါခေါင်လကွယ်၊ သောကြာနေ့။ Friday, 11 September 2026 ၁၂၂၉၈



နမ့်တွန်ကြိုးဝိုင်းတော သဘာဝရှုခင်းပုံ။

# နမ့်တွန်ကြိုးဝိုင်းတောဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(ဃ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် ရှမ်းပြည်နယ် လင်းခေးခရိုင် လင်းခေးမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၂၅၂၀၀ ဧကရှိသောနယ်မြေကို **"နမ့်တွန်ကြိုးဝိုင်းတော"** အဖြစ် ၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက် (၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်) မှစ၍ ဖွဲ့စည်းလိုက်သည်။

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ○**

## မုံရွာစက်မှုဇုန်ရှိ ပါဝါဂျုံမှုန့်စက်ရုံတွင် တစ်ရက်လျှင် ဂျုံစေ့တန် ၅၀ ကြိတ်ခွဲပြီး ဂျုံမှုန့် နှစ်တင်းဝင်အိတ် ၃၀၀ ထုတ်လုပ်လျက်ရှိ

မုံရွာ စက်တင်ဘာ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာစက်မှုဇုန်ရှိ ပါဝါဂျုံမှုန့်စက်ရုံတွင် တစ်ရက်လျှင် ဂျုံစေ့တန် ၅၀ ကြိတ်ခွဲပြီး ဂျုံမှုန့် နှစ်တင်းဝင်အိတ် ၃၀၀ ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ✢

## ASEAN Smoke Free Award (၂၀၂၆) တတိယဆုကို သံဖြူဇရပ်မြို့နယ် ရရှိ

**နေပြည်တော် စက်တင်ဘာ ၁၀**

ကျန်းမာရေးဝန်ကြီးဌာနသည် ဆေးလိပ်နှင့် ဆေးရွက်ကြီး တိုက်ဖျက်ရေးလုပ်ငန်းများကို မိတ်ဖက်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ပြည်သူများအား ဆေးလိပ်ငွေ့အန္တရာယ်မှ ကာကွယ်ရန်အတွက် "ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေ (၂၀၀၆)" နှင့်အညီ ဆေးလိပ်ငွေ့ကင်းစင်ဒေသများ ထူထောင်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် (၂၀၂၆)ခုနှစ်၊ ASEAN Smoke Free Award တတိယဆုကို မြန်မာနိုင်ငံ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်နှင့်အတူ **စာမျက်နှာ ၄ ကော်လံ ၄ သို့ ❂**



## မင်းဘူး(စကု)မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ကျောက်စံဆိုလာလျှပ်စစ်ရေတင်လုပ်ငန်းမှ သီးနှံစုံ ဧက ၉၇၀ လျာထား စိုက်ပျိုးနိုင်

**မင်းဘူး စက်တင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ကျောက်စံ 215KWဆိုလာဓာတ်အားပေးစနစ်လျှပ်စစ်ရေတင်လုပ်ငန်းမှ ဒေသခံတောင်သူများအတွက် သီးနှံစုံ ဧက ၉၇၀ စိုက်ပျိုးနိုင်ကြောင်း သိရသည်။

ထိုသို့စိုက်ပျိုးရာတွင် မင်းဘူးမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ ဇွန် ၂၆ ရက်မှစ၍

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**



မင်းဘူး(စကု)မြို့နယ်၌ ကျောက်စံဆိုလာလျှပ်စစ်ရေတင်လုပ်ငန်းမှ စိုက်ပျိုးရေပေးဝေထားမှုကို တွေ့ရစဉ်။

### လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်

နေပြည်တော် စက်တင်ဘာ ၁၀

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။

မိုး/ဇလ

**ယနေ့ ဖတ်စရာ**

**မြို့ပြရေပေးဝေရေး၊ ရေသန့်စင်ခြင်း နည်းပညာများနှင့် ကလိုရင်း၏ အရေးပါမှု**

ဆောင်းပါး စာမျက်နှာ » ၆

----------------------------------------

**ရန်ကုန်တိုင်းဒေသကြီးအတွင်း ကြက်ဥထုတ်လုပ်မှု ဖူလုံစေရေး တိုးချဲ့မွေးမြူဆောင်ရွက်**

စာမျက်နှာ » ၁၂



# ဖိအားပေးလိုသည့်ရည်ရွယ်ချက် ပြင်းထန်စွာရှုတ်ချ ကန့်ကွက်ပယ်ချ

လူ့အခွင့်အရေးကောင်စီ၏ (၆၃)ကြိမ်မြောက် အစည်းအဝေးကို ဂျီနီဗာမြို့တွင် စက်တင်ဘာလ ၇ ရက်နေ့မှ ၉ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ရာ အစည်းအဝေးကာလအတွင်း ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး၏ အစီရင်ခံစာနှင့် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရား(IIMM) ဆိုသည့်အဖွဲ့၏ အစီရင်ခံစာတို့အပေါ် အပြန်အလှန်ပေါင်းစပ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ အဆိုပါ IIMM ဆိုသည့် ယန္တရားနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ သဘောထားရပ်တည်ချက်ကို စက်တင်ဘာလ ၉ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနက အသိပေးထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် IIMM ဆိုသည့်ယန္တရားကို စတင်ထူထောင်သည့်အချိန်ကတည်းက ယနေ့အချိန်အထိ အသိအမှတ်ပြုခြင်းမရှိပေ။ အဆိုပါယန္တရားကိုယ်တိုင်သည်ပင် ဥပဒေကြောင်းရှုထောင့်အရ အားနည်းချက်များစွာရှိပြီး နိုင်ငံတစ်နိုင်ငံအပေါ် နိုင်ငံရေးအရ ဖိအားပေးလိုသည့်ရည်ရွယ်ချက်ဖြင့် ထူထောင်ထားသည်ကို တွေ့ရသည်။ IIMM ကို ၂၀၁၈ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည့် နိုင်ငံတကာလွတ်လပ်သော အချက်အလက်ရှာဖွေရေးအဖွဲ့(FFM) ဆိုသည့်အဖွဲ့က အစပြုခဲ့ခြင်းဖြစ်သည်။ FFM ဆိုသည်မှာ မြန်မာနိုင်ငံမပါဘဲ ORCHR က တစ်ဖက်သတ်ဆုံးဖြတ်ချက်ဖြင့် ထူထောင်ထားသည့်အဖွဲ့အစည်းဖြစ်သည်။ ယင်းနောက် FFM ၏ တွေ့ရှိချက်များအပေါ်မူတည်၍ သက်သေအထောက်အထားများကို ထိန်းသိမ်းထားနိုင်မည့် ပိုမိုခိုင်မာသောယန္တရားလိုအပ်သည်ဟု အကြောင်းပြချက်ဖြင့် ထူထောင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါလူ့အခွင့်အရေးကောင်စီ၏ လုပ်ပိုင်ခွင့်တွင် နိုင်ငံတစ်နိုင်ငံအပေါ် ဥပဒေရေးရာ၊ တရားစီရင်ရေးဆိုင်ရာ (သို့မဟုတ်) စုံစမ်းစစ်ဆေးရေးယန္တရားတစ်ရပ်ရပ်ကိုဖွဲ့စည်းရန် တရားဝင်လုပ်ပိုင်ခွင့် အပ်နှင်းထားခြင်းမရှိပေ။ ထို့ကြောင့် လူ့အခွင့်အရေးကောင်စီ၏ဆုံးဖြတ်ချက် ၃၉/၂ ၏ IIMM တည်ထောင်ရန် ဆုံးဖြတ်ချက်သည် ကုလသမဂ္ဂ၏ Charter ကိုသော်လည်းကောင်း၊ လူ့အခွင့်အရေးကောင်စီ ထူထောင်သည့် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်ကိုသော်လည်းကောင်း ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခြင်းဖြစ်သည်။ IIMM သည် နိုင်ငံတစ်နိုင်ငံအပေါ် ပစ်မှတ်ထားပြီး တစ်ဖက်သတ်ဆန်သော နိုင်ငံရေးအရ သွတ်သွင်းဆောင်ရွက်သည့် လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက်အဆိုများ၏ နောက်ဆက်တွဲရလဒ်တစ်ရပ်သာဖြစ်သည်။

IIMM သည် နိုင်ငံတစ်နိုင်ငံ သို့မဟုတ် ဒေသအုပ်စုတစ်စု၏ နိုင်ငံရေးအရ အသုံးချခံလက်ကိုင်တုတ်တစ်ခုအဖြစ် ဆောင်ရွက်နေခြင်းဖြစ်သည်။ တစ်ဖက်တွင် IIMM ယန္တရား၏ သက်တမ်းနှင့်ပတ်သက်၍ ရှင်းလင်းသော ပြဋ္ဌာန်းချက်မပါရှိခြင်းနှင့် လုပ်ငန်းတာဝန်နှင့် လုပ်ငန်းဆိုင်ရာသတ်မှတ်ချက်များအနေဖြင့် ကုလသမဂ္ဂ၏ အရင်းအမြစ်များနှင့် အလှူရှင်နိုင်ငံများထံမှ ရန်ပုံငွေများကို ၎င်းတို့၏ဆုံးဖြတ်ချက်ဖြင့် လက်ခံရယူနိုင်သည်ဟု ဖော်ပြထားခြင်းသည် ဘတ်ဂျက်အလွဲသုံးမှုကို ဖြစ်ပေါ်စေနိုင်သကဲ့သို့ ရန်ပုံငွေစီမံခန့်ခွဲမှုဆိုင်ရာ ပွင့်လင်းမြင်သာမှုကင်းမဲ့လျက်ရှိသည်။ ထို့ပြင် IIMM ဆိုသည့် ယန္တရား၏ နှစ်စဉ်အစီရင်ခံစာသည် ယခင်နှစ်များနည်းတူ မြန်မာ့တပ်မတော်အပေါ် တစ်ဖက်သတ်စွပ်စွဲချက်များ၊ အတည်မပြုနိုင်သည့် ဆန့်ကျင်ဘက်အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များထံမှ ရရှိသည့်သတင်းများနှင့် ဖောင်းပွကိန်းဂဏန်းများအပေါ် အခြေခံထားသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံက ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီနှင့် IIMM ယန္တရားနှင့်ပတ်သက်၍ အခြေအနေမှန်ကို ရှင်းရှင်းလင်းလင်း တိတိကျကျ ပြန်လည်အသိပေးထားသည်။ မြန်မာနိုင်ငံ၏ အခြေအနေနှင့်ပတ်သက်၍ ယခုကဲ့သို့ လွဲမှားစွာဖော်ပြချက်များသည် အကြမ်းဖက်မှုကို အားပေးကူညီခြင်း၊ အကြမ်းဖက်မှုနှင့် မတည်ငြိမ်မှုများကို ဖြစ်ပွားစေခြင်းတို့အပြင် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကိုထိန်းသိမ်းရန် သက်ဆိုင်ရာအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကို အဟန့်အတားဖြစ်စေသည်။ ကုလသမဂ္ဂအနေဖြင့် ကမ္ဘာကြီးငြိမ်းချမ်းသာယာဝပြောရေး အလေးထားဆောင်ရွက်နေသည်။ ယင်းရည်ရွယ်ချက်နှင့် သွေဖည်ဆောင်ရွက်နေသော အဆိုပါအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များသည် အလှူရှင်နိုင်ငံများ၏ ရန်ပုံငွေဖြင့် အကြမ်းဖက်အားပေးဆောင်ရွက်နေသည့်သဘော သက်ရောက်နေသည်။

၎င်းတို့စွပ်စွဲထားသည့် လေကြောင်းတိုက်ခိုက်မှုများနှင့် စစ်ဆင်ရေးများသည် လက်နက်ကိုင်သောင်းကျန်းသူများက မြို့ရွာများကို အကြမ်းဖက်တိုက်ခိုက်မှုကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် ပြည်သူများ၏ အသက်အိုးအိမ်များကို ကာကွယ်ပေးရန်အတွက် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်းနှင့်အညီ စစ်ရေးပစ်မှတ်များကိုသာ ပြန်လည်တုံ့ပြန်ဆောင်ရွက်ခြင်းဖြစ်ပြီး တပ်မတော်က အပြစ်မဲ့ပြည်သူများအား ထိခိုက်မှုမရှိစေရန် အထူးထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်နက် ထိပါးမှုများကို မည်သည့်နိုင်ငံအစိုးရအနေဖြင့် ခွင့်လွှတ်သည်းခံမည်မဟုတ်ဘဲ ထိရောက်စွာနှိမ်နင်းကြသည်ကို တွေ့ရမည်ဖြစ်ရာ ယခု IIMM ဆိုသည့် အဖွဲ့အစည်း၏ထုတ်ပြန်ချက်၊ ဖော်ပြချက်အားလုံးအပေါ် မြန်မာနိုင်ငံအနေဖြင့် ပြင်းထန်စွာ ရှုတ်ချကန့်ကွက်ပယ်ချရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## သံအမတ်ကြီး ဦးမျိုးမိုးအောင် အား ကာဇက်စတန်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် စက်တင်ဘာ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမျိုးမိုးအောင် အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ကာဇက်စတန်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

သတင်းစဉ်

## (၁၀-၉-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၂.၇ ~ ၃၆၆၅.၃ | ၅၅၇.၆ ~ ၅၅၇.၉ | ၁၂၅.၅ ~ ၁၂၅.၆ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၉,၁၈၅,၇၀၆.၃၁ | ၇,၄၈၅,၈၄၃.၆၉ | ၂၂,၁၇၉,၃၆၅.၅၀ | - |

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ၁၀ - ၉ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၅၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၀ - ၉ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၈,၅၀၀ | ၁၈,၅၀၀ | ၂,၁၅၁ | ၃၉,၈၁၈,၅၀၀ |
| MTSH | ၈,၉၀၀ | ၈,၈၀၀ | ၃,၀၅၃ | ၂၆,၈၇၂,၄၀၀ |
| MCB | ၁၃,၅၀၀ | ၁၃,၀၀၀ | ၁၃ | ၁၇၀,၅၀၀ |
| FPB | ၇,၀၀၀ | ၇,၀၀၀ | ၇၅ | ၅၂၅,၀၀၀ |
| TMH | ၃,၄၀၀ | ၃,၄၀၀ | ၄၀၉ | ၁,၃၉၀,၆၀၀ |
| EFR | ၁,၈၅၀ | ၁,၉၀၀ | ၄,၇၈၅ | ၈,၈၈၃,၅၅၀ |
| AMATA | ၄,၃၀၀ | ၄,၃၀၀ | ၁၀၀ | ၄၃၀,၀၀၀ |
| MAEX | ၆,၈၀၀ | ၆,၇၀၀ | ၁,၄၀၃ | ၉,၄၃၀,၂၀၀ |
| MADPL(PLB) | ၆,၅၀၀ | ၆,၅၀၀ | ၂၃ | ၁၄၉,၅၀၀ |
| ASPGB(PLB) | ၆,၇၀၀ | ၆,၆၀၀ | ၅,၂၇၇ | ၃၄,၉၆၄,၃၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ညီညွတ်ရေးက အရေးကြီး

**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ။ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်းနေခဲ့ကြတယ်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ ပြန်ပြီးစုစည်းညီညွတ်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့် ညီညွတ်ရေးကအရေးကြီးပါတယ်။**

*(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စုပ္ပန်ကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)*

# နေပြည်တော်အတွင်း လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် စက်တင်ဘာ ၁၀**

နေပြည်တော်အတွင်း လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း လျှပ်စစ်သုံးမော်တော်ယာဉ် အရောင်းပြခန်းများနှင့် Charging Station များ ဖွင့်လှစ်ခွင့်ပြုပါရန် တင်ပြလာခြင်းများကို တွေ့ရှိရပြီး သက်ဆိုင်ရာဌာနများမှ လျှပ်စစ်သုံးမော်တော်ယာဉ် အရောင်းပြခန်းများနှင့် Charging Station များ ဖွင့်လှစ်ခွင့်အတွက် မြေပြင်ကွင်းဆင်းစစ်ဆေးသည့်အခါ သက်ဆိုင်ရာဌာနများ၏ ဥပဒေလုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်၊ စံနှုန်းသတ်မှတ်ချက်များနှင့်အညီ ကိုက်ညီမှု ရှိ / မရှိ စနစ်တကျ စစ်ဆေးရန်လိုအပ်ပါကြောင်း၊ "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"ဟူသော အမျိုးသားရေးဆောင်ပုဒ်နှင့်အညီ မီးခိုးငွေ့များ ထုတ်လွှတ်သည့်ယာဉ်များ သုံးစွဲမှုအစား EV သုံးစွဲမှုမှတစ်ဆင့် ရုပ်ကြွင်းလောင်စာအပေါ် မှီခိုရမှု၊ စက်သုံးဆီအတွက် နိုင်ငံခြားငွေ ကုန်ကျစရိတ်များကို လျှော့ချနိုင်ရေး၊ လေထုနှင့် အသံညစ်ညမ်းမှုများ လျှော့ချနိုင်ကာ ကျန်းမာရေးကောင်းမွန်မှုအပါအဝင် အခြားဆုလာဘ်များကို ပြည်သူတို့ ရရှိခံစားနိုင်စေရေးအတွက် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ အောင်မြင်အောင် ဆောင်ရွက်သွားကြရန်နှင့် ပြည်တွင်းထုတ်လုပ်ရေးကို မြှင့်တင်နိုင်ရေးအတွက် သုတေသနများ ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်များနှင့် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြဆွေးနွေးခဲ့ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားသည်။

**ထွန်းလင်း(ဇေယျာမြေ)**



✢ **မုံရွာမှ**

အဆိုပါစက်ရုံအတွင်း ဂျုံကြိတ်ခွဲထုတ်လုပ်နေမှု၊ ကုန်ကြမ်းသိုလှောင်ထားရှိမှုနှင့် ပါကင်ထုပ်ပိုးနေမှုတို့ကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်**

ကြည့်ရှုစဉ် တိုင်းဒေသကြီးအတွင်း လုပ်ကိုင်ဆောင်ရွက်နေသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်များက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်၊ လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများ တိုးချဲ့လုပ်ကိုင် ဆောင်ရွက်သွားရန်၊ ကုန်ကြမ်းများရရှိစေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဂျုံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးနှင့် ကုန်ပစ္စည်းများ တင်ပို့ရောင်းချရာတွင် လမ်းခရီးအဆင်ပြေမှုရှိစေရေး ဆောင်ရွက်ပေးသွားရန် ပြောကြားသည်။

ထို့မှတစ်ဆင့် မုံရွာစက်မှုဇုန်ရှိ "အေးငြိမ်းသီတာ" ဆေးဝါးထုတ်လုပ်ရေး စက်ရုံအတွင်း တိုင်းရင်းဆေးဝါးကုန်ကြမ်းများ သိုလှောင်ထားရှိမှု၊ ခေတ်မီစက်များဖြင့် ဆေးဝါးအမျိုးမျိုး ထုတ်လုပ်နေမှုနှင့် ပါကင်ထုပ်ပိုးနေမှုတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ရွှေလီ (၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံရှိ အမှတ် (၆) ဓာတ်အားပေးစက် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်စဉ် မူဆယ်နှင့် နမ့်ခမ်းမြို့များတွင် ယာယီဓာတ်အားပြတ်တောက်မည်

**နေပြည်တော် စက်တင်ဘာ ၁၀**

ရွှေလီ(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့အနောက်ဘက် ၁၇ မိုင်ခန့်အကွာ ရွှေလီမြစ်ပေါ်၌ တည်ဆောက်ထားရှိပြီး မိုးရာသီကာလ နိုင်ငံပိုင်ရေအားစက်ရုံများ ရေဝင်ကောင်းမွန်သည့်ကာလတွင် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အစီအစဉ်ဆောင်ရွက်လျက်ရှိရာ စက်ရုံရှိ အမှတ်(၆) ဓာတ်အားပေးစက်၏ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို စက်တင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ ဆောင်ရွက်ခြင်းအားဖြင့် လျှပ်စစ်ပိုင်းဆိုင်ရာပစ္စည်းများ ချို့ယွင်းမှုနည်းပါးပြီး ကြံ့ခိုင်ကောင်းမွန်လာစေခြင်း၊ ရေရှည်အသုံးပြုနိုင်ခြင်းစသည့်အကျိုးကျေးဇူးများကို ရရှိလာမည်ဖြစ်ရာ လုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း ၆၆ ကေဗွီ ဓာတ်အားလိုင်းဖြင့် ဓာတ်အားပေးထားသော မူဆယ်မြို့နှင့် နမ့်ခမ်းမြို့တို့ ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်သည်။

အလားတူ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်း ဓာတ်အားလိုင်းများတစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ဓာတ်အားလိုင်းများနှင့် သစ်ပင်သစ်ကိုင်းများထိ၍ ဗို့အားကျဆင်းခြင်းမှ ကင်းဝေးစေရေးအတွက် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ၃၃ ကေဗွီ ရေဆင်းဓာတ်အားလိုင်းကို စက်တင်ဘာ ၁၂ ရက် နံနက် ၈ နာရီမှ မွန်းလွဲ ၃ နာရီအထိလည်းကောင်း၊ ၃၃ ကေဗွီ ဇေယျာသီရိဓာတ်အားလိုင်းကို စက်တင်ဘာ ၁၃ ရက်နံနက် ၈ နာရီမှ မွန်းလွဲ ၃ နာရီအထိလည်းကောင်း ဓာတ်အားပိတ်၍လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ရာ အဆိုပါဓာတ်အားလိုင်းအနီးရှိ ရုံးဌာနများ၊ ရပ်ကွက်များနှင့် ကျေးရွာများတွင် ယာယီဓာတ်အားပြတ်တောက်နေမည် ဖြစ်ပါသဖြင့် ဓာတ်အားပြတ်ရေဒေသများရှိ ရုံးဌာနများနှင့် အများပြည်သူဆိုင်ရာနေရာများကို ကြိုတင်အသိပေးထားပြီးဖြစ်ပါကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။ **သတင်းစဉ်**

❖ **မင်းဘူးမှ**

စိုက်ပျိုးရေများ ပေးဝေဖြန့်ဖြူးလျက်ရှိပြီး ခရိုင်နှင့်မြို့နယ်တာဝန်ခံအရာရှိများက အနီးကပ်ကြီးကြပ်၍ ကျောက်စံရေတင်စီမံကိန်းဧရိယာအတွင်းရှိ ဒေသခံတောင်သူများ သီးနှံစိုက်ပျိုးချိန် စိုက်ပျိုးရေရရှိရေးအတွက် စနစ်တကျ ဖြန့်ဖြူးပေးဝေလျက်ရှိသည်။

ယခုနှစ်စိုက်ပျိုးရာသီတွင် လျှပ်စစ်ရေတင်လုပ်ငန်းဧရိယာအတွင်း အကျိုးပြုဧရိယာ ဧကပေါင်း ၉၇၀ ရှိသည့်အနက် မိုးစပါးဧက ၅၄၀၊ နှမ်းဧက ၅၀၊ ပဲတီစိမ်း ၉၅ ဧက၊ ပဲစင်းငုံ ၃၅ ဧက၊ ဖူးစားပြောင်း ၄၅ ဧက အခြားသီးနှံ ၂၁၅ ဧကကို လျာထားစိုက်ပျိုးလျက်ရှိရာ ယနေ့အထိ ဧကပေါင်း ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးသွားပြီဖြစ်၍ လျှပ်စစ်ရေတင်လုပ်ငန်းစီမံကိန်းဧရိယာ၌ လာမည့်စိုက်ပျိုးရာသီများတွင်လည်း လျာထားဧကများ ပြည့်မီကျော်လွန်စွာ စိုက်ပျိုးနိုင်စေရေး သက်ဆိုင်ရာဌာနများ၊ ဒေသခံတောင်သူများနှင့်အတူ ပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇေယျာနိုင်(ရွှေကန်မြေ)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# "လော်ဝေါ်" လူမျိုးအမည် အခေါ်အဝေါ် အသုံးအနှုန်းမှန်ကန်စေရေး ဆောင်ရွက်လျက်ရှိ

**မြစ်ကြီးနား စက်တင်ဘာ ၁၀**



မြစ်ကြီးနား၊ ဝိုင်းမော်၊ ချီဖွေ၊ ဆော့လော်မြို့နယ်များမှ လော်ဝေါ်တိုင်းရင်းသား မျိုးနွယ်စုများနှင့် တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းက ဝိုင်းမော်မြို့ အမှတ်(၁)ရပ်ကွက် လော်ဝေါ်ယဉ်ကျေးမှုကွင်းအတွင်းရှိ ဒူဝါကြီး လော်ဝါးဇောင်းခေါင် အောက်မေ့ဖွယ်ဗိမာန်၌ ကျင်းပရာ လော်ဝေါ်စာပေနှင့်ရိုးရာယဉ်ကျေးမှု ဥက္ကဋ္ဌ ဦးလမောင်ဂျုံးဒိုင်က လော်ဝေါ် မျိုးနွယ်စုများအပေါ် လူမျိုးအမည် လော်ဝေါ်အစား အမည်မှားများဖြစ်သည့် "လော်ဂေါ်နှင့် မရူ"ဟူသော အခေါ်အဝေါ်၊ အသုံးအနှုန်းနှင့် ရေးသားဖော်ပြနေကြခြင်းအား ပယ်ဖျက်နိုင်ရေး နိုင်ငံတော် အကြီးအကဲများထံ တင်ပြဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က "လော်ဝေါ်" အစား အမည်မှားများ သုံးနှုန်းခေါ်ဝေါ်ခြင်း မရှိစေရေး "လော်ဝေါ်"အမည် တစ်ခုတည်းသာ သတ်မှတ် သုံးစွဲခေါ်ဆိုနိုင်ရေးအတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဖြစ်စေရေး၊ အထက်အဆင့်ဆင့်သို့ တင်ပြဆောင်ရွက်နိုင်ရန် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း၊ သို့မှသာ မိမိတို့ မျိုးနွယ်စုအမည်မှန်ကို ခေါ်ဝေါ် သုံးစွဲကြမည်ဖြစ်ပြီး နိုင်ငံတော်ကလည်း တိုင်းရင်းသားများ၏ အခွင့်အရေးနှင့်အညီ အတည်ပြုသတ်မှတ် ဆောင်ရွက်ပေးမည်ဟု ယုံကြည်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် လော်ဝေါ်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ နာယက ဦးဘီထောဇောင်းက မျိုးနွယ်စု အမည်မှားဖြစ်သည့် အခြားအမည်များ ခေါ်ဝေါ်သုံးစွဲလာမှုအပေါ် အမည်မှန်ခေါ်ဆိုရေး ဆောင်ရွက်ခဲ့ရသည့် အခြေအနေများ၊ မြစ်ကြီးနား၊ ဝိုင်းမော်၊ ချီဖွေ၊ ဆော့လော်မြို့နယ်များမှ လော်ဝေါ်မျိုးနွယ်စု ကိုယ်စားလှယ်များကလည်း မျိုးနွယ်စုအမည် မှန်ကန်စွာရေးသား ခေါ်ဝေါ်နိုင်ရေး ကြိုးပမ်းမှုအပေါ် ကြိုဆိုကြောင်း ထောက်ခံဆွေးနွေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ထို့ပြင် အခြေခံနှင့် အဆင့်မြင့် စက်ချုပ်သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ ရုံးဝင်းအတွင်းရှိ ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကတို့က သင်တန်းတွင် ပထမဆုနှင့် ဒုတိယဆုရ သင်တန်းသူအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်းနှင့် သင်တန်းသူများ၏ သင်တန်းမှ လက်တွေ့ သင်ကြားထားသည့် အထည်ချုပ် ပညာရပ်များနှင့် အသင့်ချုပ်ထားသော အမျိုးသမီးဝတ်စုံများနှင့် အဝတ်အထည်များ ပြသထားရှိမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၁၀**

ပြည်ထောင်စု တိုင်းရင်းသားကျေးရွာအတွင်းရှိ မြေနေရာအချို့နှင့် အဆောက်အအုံအား နှစ်တို/နှစ်ရှည် ငှားရမ်းဆောင်ရွက်နိုင်ရန်အတွက် ပထမအဆင့်အနေဖြင့် စိတ်ဝင်စားသည့် ပြည်တွင်း/ပြည်ပ လုပ်ငန်းရှင်များ၊ ကုမ္ပဏီများအား စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ(Expression of Interest– EOI)ကို ၂၀၂၆ ခုနှစ် မေ ၂၅ ရက်မှစ၍ စတင်ဖိတ်ခေါ်ခဲ့သည်။

အဆိုပါ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ မြေနေရာအချို့နှင့် အဆောက်အအုံအား နှစ်တို/နှစ်ရှည် ငှားရမ်းဆောင်ရွက်နိုင်ရန် အတွက် စိတ်ဝင်စားသူများ ဖိတ်ခေါ်ရှင်းလင်းတင်ပြခြင်း(Expression of Interest – EOI) အစီအစဉ်ကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးသာကေတမြို့နယ် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ(ရန်ကုန်) အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးစိုင်းထွန်းညိုက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ကို အဆင့်မြှင့်တင်ဆောင်ရွက်ရန် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ထားခြင်းဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် ယခုစိတ်ဝင်စားသူများ ဖိတ်ခေါ်ရှင်းလင်းတင်ပြခြင်းအပေါ် နိုင်ငံတော်နှင့် အများပြည်သူအတွက် အကျိုးရှိစေမည့် လုပ်ငန်းများကို ပွင့်လင်းစွာ ဆွေးနွေးတင်ပြစေလိုပါကြောင်း ပြောကြားသည်။



ဆက်လက်၍ တက်ရောက်လာကြသည့် တိုင်းရင်းသားလုပ်ငန်းရှင် ကုမ္ပဏီများ၏ တာဝန်ရှိသူများက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)အတွင်း အများပြည်သူ စိတ်ဝင်စားမှု ပိုမိုရရှိလာစေရန်နှင့် စိတ်ချမ်းမြေ့စွာ ပိုမိုလာရောက် အပန်းဖြေနိုင်ရန်အတွက် ၎င်းတို့ဆောင်ရွက်လိုသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက တင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရေကြည်မြို့နယ်၌ ယာယီလုပ်ငန်းရပ်ဆိုင်းထားသော ကျန်းမာရေးဌာနသုံးခု ပြန်လည်ဖွင့်လှစ်

**ရေကြည် စက်တင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ဝေန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှုဖြစ်ပွားကာ ရေကျော်စီးဝင်ခြင်းကြောင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ယာယီလုပ်ငန်းရပ်ဆိုင်းထားသော ကျန်းမာရေးဌာနခွဲ ကိုးခုအနက် သုံးခုကို ယနေ့နံနက်ပိုင်းမှစ၍ ပြန်လည်ဖွင့်လှစ်ပေးလျက်ရှိသည်။

ရေဝင်ရောက်သဖြင့် ယာယီလုပ်ငန်းရပ်ဆိုင်းထားသော ဇရပ်လှတိုက်နယ်ဆေးရုံ၊ ငါးသိုင်းချောင်း မိခင်နှင့် ကလေးကျန်းမာရေးစောင့်ရှောက်ရေးဌာနနှင့် ကြပ်ကွင်းကျေးလက်ကျန်းမာရေးဌာနခွဲတို့သည် ရေများပြန်လည်ကျဆင်းပြီဖြစ်သည့်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာတင်ထွန်းအောင် ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက ပုံမှန်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာမြှင့်တင်ရေးသင်တန်းဖွင့်

**ဘားအံ စက်တင်ဘာ ၁၀**

ကရင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ကရင်ပြည်နယ်အိမ်ခြံမြေဝန်ဆောင်မှုအသင်းတို့ ပူးပေါင်း၍ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာမြှင့်တင်ရေးသင်တန်းကို စက်တင်ဘာ ၈ ရက်က ဘားအံမြို့ Hotel Perfect Hpa-an ၌ ကျင်းပသည်။

ဦးစွာ ကရင်ပြည်နယ်အိမ်ခြံမြေအကျိုးဆောင်များနှင့် အဖိုးတန်သတ္တု(ရွှေ)ရောင်းဝယ်သူများဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်အေးက အမှာစကားပြောကြားပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နေပြည်တော်(ရုံးချုပ်)မှ လက်ထောက်ညွှန်ကြားရေးမှူးက AML/CFT ဥပဒေဆိုင်ရာ အသိပညာများ၊ သတင်းပို့အဖွဲ့အစည်းဖြစ်သည့် အိမ်ခြံမြေအကျိုးဆောင်များသိရှိလိုက်နာရမည့် ဆောင်ရန်/ရှောင်ရန်များကိုဟောပြောပို့ချကာ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့(FIU)မှ ရဲမှူးဦးကိုကိုလေးက AML/CFT ဆိုင်ရာ အသိပညာမြှင့်တင်ရေးလုပ်ငန်းများကို အွန်လိုင်းဖြင့် ပို့ချပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



**○ ရှေ့ဖုံးမှ**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဒေသမျိုးရင်းသစ်မျိုးများနှင့် တိရစ္ဆာန်များ၏ မူရင်းဒေသတိုးပွားလာစေရန်၊ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းကာကွယ်ရန်၊ ရေမြေထိန်းသိမ်းရန်၊ ရာသီဥတုကောင်းမွန်မျှတလာစေရန်နှင့် ဒေသခံပြည်သူများ၏ အခြေခံစားဝတ်နေရေးလိုအပ်ချက်များကို ထောက်ပံ့ပေးနိုင်ရန် ရည်ရွယ်၍ ကြိုးဝိုင်းတောကို ဖွဲ့စည်းခြင်းဖြစ်ပါသည်။

နမ့်တွန်ကြိုးဝိုင်းတောဖွဲ့စည်းခြင်းအားဖြင့် ပေါက်ရောက်လျက်ရှိသော ကျွန်း၊ ပျဉ်းကတိုး၊ သစ်ရာ၊ အင်ကြင်း၊ ထောက်ကြန့်စသည့် အဖိုးတန်သစ်မျိုးများနှင့် လက်ပံ၊ ဖန်ခါး၊ သစ်စေး၊ ဆီးဖြူ၊ ဘုံမဲဇာသစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဒေသခံပြည်သူများအတွက် သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထာဝစဉ်ထုတ်ယူသုံးစွဲနိုင်မည်ဖြစ်ခြင်း၊ တောကြောင်၊ ချေ၊ တောင်ဆိတ်၊ ယုန်၊ ဆတ်၊ မျောက်စသည့် တိရစ္ဆာန်များ၏ နေရင်းဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သစ်တောဖုံးလွှမ်းမှုတိုးလာပြီး ရာသီဥတုကောင်းမွန်မျှတလာနိုင်ခြင်းနှင့် သဘာဝရေထွက်စိမ့်စမ်းများကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**❂ ASEAN မှ**

အင်ဒိုနီးရှားနိုင်ငံ ဒီးပေါ့ခ်မြို့၊ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၊ ဖိလစ်ပိုင်နိုင်ငံ ပါစစ်မြို့နှင့် ထိုင်းနိုင်ငံ မဟာဆာရာခမ်မြို့တို့က ရရှိခဲ့သည်။

ထို့အတူ ဒုတိယဆုကို မလေးရှားနိုင်ငံ ဂျော့ရှ်တောင်းမြို့က လည်းကောင်း၊ ပထမဆုကို ဖိလစ်ပိုင်နိုင်ငံ ဘာဂီယိုမြို့က လည်းကောင်း ရရှိခဲ့သည်။

အဆိုပါဆုကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပလျက်ရှိသော (၁၇)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေးတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးက ကျန်းမာရေးဝန်ကြီးဌာနကိုယ်စား လက်ခံရယူခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## အသက် ၁၀၂ နှစ်ပြည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်အား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်

ပြင်ဦးလွင် စက်တင်ဘာ ၁၀

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ဗိုလ်မှူးလှဖေ(အငြိမ်းစား)အား ပြင်ဦးလွင်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် အသက် ၁၀၂ နှစ်ပြည့် ဂါရဝပြုဂုဏ်ပြုချီးမြှင့်ငွေများ သွားရောက်ပေးအပ်ကြသည်။

### ဂါရဝပြုပေးအပ်

ဦးစွာ တာဝန်ရှိသူများက အသက် ၁၀၂ နှစ်ပြည့် ဗိုလ်မှူးလှဖေ(အငြိမ်းစား)အား ဂါရဝပြုနှုတ်ဆက်စကားပြောကြားပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုဌာနချုပ် မန္တလေးတိုင်းဒေသကြီး(စည်ပင်ပြင်ပ) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နှင့် ပြင်ဦးလွင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့တို့က ပေးအပ်ချီးမြှင့်သည့် ဂုဏ်ပြုချီးမြှင့်ငွေများကို ဂါရဝပြုပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## လေးမျက်နှာမြို့နယ်အတွင်း ရေဘေးဖြစ်ပွားခဲ့သည့် ဒေသများရှိ ပြည်သူများအား ဆန်ရိက္ခာ၊ ဆီ၊ ပဲနှင့် ခေါက်ဆွဲခြောက်များ ထောက်ပံ့ပေးအပ်

ပုသိမ် စက်တင်ဘာ ၁၀

ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်အတွင်း ရေဘေးဖြစ်ပွားခဲ့သည့်ဒေသများရှိ ပြည်သူများအား ဆန်ရိက္ခာ၊ ဆီ၊ ပဲနှင့် ခေါက်ဆွဲခြောက်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်းနှင့် လေးမျက်နှာမြို့နယ် ခမောက်စုကျေးရွာအုပ်စု စက်ပိုင်းကျေးရွာ ဒေသခံပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိစေရေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားစေရေး ရေသန့်ဆေး ကလိုရင်းခတ်ခြင်း လုပ်ငန်းများဆောင်ရွက်နေမှု၊ ဒေသခံပြည်သူများ လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိ သုံးစွဲနိုင်ရေးအတွက် လေးမျက်နှာမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ထရန်စဖော်များ စစ်ဆေးပြုပြင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။



### ပေးအပ်

ထိုသို့ ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး ခမောက်စုကျေးရွာအုပ်စု အချုပ်ကလေးကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းသို့ သွားရောက်ကာ ရေပြန်လည်ကျဆင်းလာသဖြင့် ကျောင်းပြန်လည် ဖွင့်လှစ်သင်ကြားနေမှု အခြေအနေကို ကြည့်ရှုအားပေးပြီး ဆရာ ဆရာမများအား ဆန်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ လေးမျက်နှာမြို့နယ် ပိန်းအင်းကျေးရွာအုပ်စု ဟံသာအေးကျေးရွာ၌ ရေဝင်ရောက်မှု ပြန်လည်ကျဆင်းလာသဖြင့် နေအိမ်များတွင် ပြန်လည်နေထိုင်ကြသည့် ပြည်သူများအား ဆန်ရိက္ခာ၊ ဆီ၊ ပဲနှင့် ခေါက်ဆွဲခြောက်များ ထောက်ပံ့ပေးပြီး ပိန်းအင်းကျေးရွာအုပ်စု ရုံးတောကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ သွားရောက်၍ ကျောင်းပြန်လည် ဖွင့်လှစ်သင်ကြားနေမှု အခြေအနေများကို ကြည့်ရှုအားပေးကာ ဆရာ ဆရာမများအား ဆန်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

### လှည့်လည်ကြည့်ရှု

ထို့ပြင် အိုင်သပြုကျေးရွာအုပ်စု မယင်း(မြောက်) ကျေးရွာရှိ ဒေသခံပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိစေရေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားစေရေးအတွက် ဟင်္သာတခရိုင် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနက ရေသန့်ဆေး ကလိုရင်းဆေးခတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး လေးမျက်နှာမြို့နယ် အိုင်သပြုတိုက်နယ်ဆေးရုံသို့ သွားရောက်၍ ဆေးရုံပြန်လည်ဖွင့်လှစ်ထားရှိမှုနှင့် ဆေးရုံတက်ရောက်ကုသမှုခံယူနေသည့် လူနာများကို ကြည့်ရှုအားပေး စကားများပြောကြားကာ လူနာများအား ကြက်ဥများပေးအပ်၍ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လေးမျက်နှာမြို့နယ် အိုင်သပြုကျေးရွာအုပ်စု အိုင်သပြုလမ်းဆုံတွင် နေအိမ်များ၌ ပြန်လည်နေထိုင်ကြသည့် ပြည်သူများအား ဆန်ရိက္ခာ၊ ဆီ၊ ပဲနှင့် ခေါက်ဆွဲခြောက်များ ထောက်ပံ့ပေးပြီး အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



## ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာမိုင်(၁၁/၆)နှင့် (၁၁/၇)ကြားနေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားကာ ဆည်မြောင်းတာ အိပ်ပုံကျမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ရေလမ်းသောင်တူးလုပ်ငန်းဆောင်ရွက်ခြင်း၊ မြစ်ကမ်းထိန်းလုပ်ငန်းများဖြစ်သည့် Porcupine တပ်ဆင်ခြင်း၊ Steel Cable Groyne တပ်ဆင်ခြင်းနှင့် Floating Structure တည်ဆောက်ခြင်းလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၉ ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်/ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက်ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသည်။



အဆိုပါ ငဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြု၍ Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်း စသည့် ငဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေး လုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများ အသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိစဉ် စက်တင်ဘာ ၉ ရက် ည ၁၂ နာရီ ၁၀ မိနစ်ခန့်တွင် ရေစီးဝင်မှုလမ်းကြောင်းကို ထိန်းချုပ်ထားသည့် Steel Sheet Pile များ ယိုင်နဲ့၍ ပေ ၃၀ ခန့် ပွင့်ထွက်သွားခဲ့သဖြင့် ယိုင်နဲ့သွားသော Steel Sheet Pile များကို ပြန်လည်ပြုပြင်ဆောင်ရွက်ခြင်း၊ သဲအိတ်များချခြင်း၊ သောင်တူးစက်များဖြင့် သဲမှုတ်သွင်းခြင်း၊ တာပေါင်ဖို့ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။


ထို့အပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့်နုန်းများ၊ အမှိုက်များအား အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# မြို့ပြရေပေးဝေရေး၊ ရေသန့်စင်ခြင်း နည်းပညာများနှင့် ကလိုရင်း၏ အရေးပါမှု

ဝေဖြိုးအောင်

မြို့ပြလူဦးရေတိုးပွားလာမှုနှင့်အတူ သန့်ရှင်းသောသောက်သုံးရေရရှိရေးသည် မြို့ပြအုပ်ချုပ်မှုစီမံခန့်ခွဲရေးကဏ္ဍများတွင် အရေးအကြီးဆုံးသော တာဝန်တစ်ရပ်ဖြစ်လာပါသည်။ မြို့ပြရေပေးဝေရေးစနစ်သည် မြို့နေလူထု၏ ကျန်းမာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုက်ရိုက်သက်ဆိုင်နေသော အခြေခံအဆောက်အအုံဖြစ်ပါသည်။ ရေသန့်စင်ခြင်းလုပ်ငန်းစဉ်သည် သဘာဝရေရင်းမြစ်များ (မြစ်၊ ချောင်း၊ အင်းအိုင်၊ မြေအောက်ရေ)မှ ရေများကို စနစ်တကျ ရယူပြီးနောက် လူသားတို့သောက်သုံးရန် သင့်တော်သော ကျန်းမာရေးစံညွှန်းများနှင့် ကိုက်ညီသည့်ရေအဖြစ်သို့ ပြောင်းလဲပေးသောလုပ်ငန်းစဉ်ဖြစ်ပါသည်။

ခေတ်သစ်မြို့ပြ စီမံခန့်ခွဲမှုစနစ်များတွင် ရေသန့်စင်ရေးသည် ရိုးရှင်းသော ရေစစ်ခြင်း အဆင့်မှသည် ခေတ်မီနည်းပညာများဖြစ်သော ဓာတုဗေဒနည်းဖြင့် ပိုးသတ်ခြင်း၊ အဆင့်မြင့် ရေစစ်နည်းပညာများ အသုံးပြုခြင်းအထိ ကျယ်ပြန့်လာခဲ့ပါသည်။ ဤဆောင်းပါးတွင် မြို့ပြရေပေးဝေရေးစနစ်များ၌ အဓိကအသုံးပြုနေသော ရေသန့်စင်ခြင်းစနစ်များကို လေ့လာသွားမည်ဖြစ်ပြီး အထူးသဖြင့် ကမ္ဘာတစ်ဝန်းအကျယ်ပြန့်ဆုံး အသုံးပြုနေသည့် ကလိုရင်းဖြင့် ရေသန့်စင်ခြင်းနည်းပညာနှင့် ယင်း၏ အားသာချက်၊ အားနည်းချက်များနှင့် ခေတ်သစ်စမတ်စီးတီးစနစ်များတွင် အသုံးပြုနိုင်မည့် အနာဂတ်အလားအလာများကို အသေးစိတ် သုံးသပ်တင်ပြသွားမည်ဖြစ်ပါသည်။




စံပြမြို့ပြရေသန့်စင်စက်ရုံ၏ အဆင့်ဆင့်လုပ်ငန်းစဉ်ဖော်ပြမှုပုံ။

## ရေသန့်စင်ခြင်း သမိုင်းကြောင်းနှင့် ဆင့်ကဲပြောင်းလဲမှု

ရေသန့်စင်ခြင်း၏ သမိုင်းကြောင်းသည် လူသားတို့၏ ယဉ်ကျေးမှုသမိုင်းနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာခဲ့ပါသည်။ ရှေးခေတ်ဂရိနှင့် ရောမလူမျိုးများသည် ရေကိုကျိုချက်ခြင်း၊ သဲနှင့် ကျောက်စရစ်များကို အသုံးပြု၍ စစ်ထုတ်ခြင်းနည်းလမ်းများကို အသုံးပြုခဲ့ကြပါသည်။ သို့သော်လည်း သိပ္ပံနည်းကျရေသန့်စင်ခြင်းနှင့် ပိုးသတ်ခြင်းလုပ်ငန်းစဉ်များသည် ၁၉ ရာစုနှောင်းပိုင်းတွင်မှ စတင်ပေါ်ပေါက်လာခဲ့ပါသည်။ ၁၈၅၄ ခုနှစ်တွင် လန်ဒန်မြို့၌ ဖြစ်ပွားခဲ့သော ကာလဝမ်းရောဂါကူးစက်မှုကြီးတွင် ဒေါက်တာ ဂျွန်စနိုးသည် ရောဂါကူးစက်မှု၏ အဓိကအကြောင်းရင်းမှာ ညစ်ညမ်းနေသော သောက်သုံးရေကြောင့်ဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့ပါသည်။ ထိုအချိန်မှစ၍ ရေကို စနစ်တကျသန့်စင်ပြီးမှ သောက်သုံးရန် အရေးကြီးကြောင်းကို သိပ္ပံပညာရှင်များနှင့် အစိုးရများက ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုလာခဲ့ကြပါသည်။

> **လျှင်မြန်သော သဲရေစစ်စနစ်ကို မြို့ပြလူဦးရေ အလွန်ထူထပ်လာမှုနှင့်အတူ ရေလိုအပ်ချက် အဆမတန်မြင့်မားလာသောအခါ အစားထိုး အသုံးပြုလာကြခြင်းဖြစ်ပါသည်။ အလုပ်လုပ်ပုံယန္တရားများမှာ ဇီဝဗေဒအလွှာမပါဝင်ဘဲ သဲ၊ ကျောက်စရစ်နှင့် ကျောက်မီးသွေးအလွှာများကို ဖြတ်သန်း၍ ရုပ်ပိုင်းဆိုင်ရာသက်သက်ဖြင့် ဖမ်းယူစစ်ထုတ်ခြင်းဖြစ်ပါသည်။ သန့်ရှင်းရေးလုပ်ခြင်းအနေဖြင့် ပိတ်ဆို့လာပါက ရေစစ်ခြင်းကိုရပ်တန့်၍ လေဖိအားနှင့် ရေကို အောက်ခြေမှအထက်သို့ ပြောင်းပြန်တွန်းတင်ဆေးကြောရပါသည်။ အားသာချက်များအနေဖြင့် ရေစစ်နှုန်းပိုမိုမြန်ဆန်ခြင်း၊ မြေနေရာ နည်းပါးစွာလိုအပ်ခြင်း၊ အလိုအလျောက်စနစ်ဖြင့် လုပ်ဆောင်နိုင်ခြင်းတို့ဖြစ်**

၁၉၁၅ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ လင်ကွန်းမြို့တွင် ကာလဝမ်းရောဂါကူးစက်မှုကို ထိန်းချုပ်ရန်အတွက် သောက်သုံးရေကို ကလိုရင်းအသုံးပြု၍ ပိုးသတ်ခြင်းကို ပထမဆုံးအောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ပါသည်။ ထိုအချိန်မှစ၍ ကလိုရင်းသည် ကမ္ဘာတစ်ဝန်းရှိ မြို့ပြရေပေးဝေရေးစနစ်များတွင် မရှိမဖြစ်လိုအပ်သော ဓာတုပစ္စည်းတစ်ခု ဖြစ်လာခဲ့ပါသည်။ ယနေ့ခေတ်တွင် ရေသန့်စင်ခြင်း နည်းပညာများသည် များစွာတိုးတက်လာခဲ့ပြီ ဖြစ်သော်လည်း ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများစွာရှိ စည်ပင်သာယာ ရေပေးဝေရေးဌာနများသည် ကလိုရင်း၏ ထိရောက်မှုနှင့် ကုန်ကျစရိတ်သက်သာမှုတို့ကြောင့် ၎င်းကို အဓိကပိုးသတ်ဆေးအဖြစ် ဆက်လက်အသုံးပြုနေဆဲဖြစ်ပါသည်။

## ရေသန့်စင်မှု အဆင့်ဆင့်

စံပြ မြို့ပြရေသန့်စင်မှု စက်ရုံတစ်ရုံတွင် ရေကို အဆင့်ဆင့် သန့်စင်ရပါသည်။ အဓိကအဆင့်များမှာ–

### ဓာတ်ပြောင်း၍ အနည်ထိုင်စေခြင်း

သဘာဝရေတွင် ပါဝင်သောအမှုန်အမွှားငယ်များ၊ ရွံ့နှစ်များနှင့် သဘာဝအော်ဂဲနစ်ပစ္စည်းများကို ဖယ်ရှားရန်အတွက် အလူမီနီယမ်ဆာလ်ဖိတ်သို့မဟုတ် ပိုလီမာကဲ့သို့သော ဓာတုပစ္စည်းများကို ရေထဲသို့ ထည့်သွင်းပေးရပါသည်။ ဤဓာတုပစ္စည်းများသည် ရေထဲရှိ အမှုန်အမွှားငယ်များကို တစ်ခုနှင့်တစ်ခု ပေါင်းစပ်သွားစေပြီး ပိုမိုကြီးမားသော အနည်ဖတ်များအဖြစ်သို့ ပြောင်းလဲသွားစေပါသည်။ ဤလုပ်ငန်းစဉ်သည် နောက်ဆက်တွဲ အနည်ထိုင်ခြင်းလုပ်ငန်းစဉ်အတွက် အလွန်အရေးကြီးပါသည်။

### အနည်ထိုင်ခြင်း

ပေါင်းစပ်သွားသော အနည်ဖတ်များပါဝင်သည့် ရေကို အနည်ထိုင်ကန်များသို့ ပို့ဆောင်ပြီး တည်ငြိမ်စွာထားရှိပါသည်။ ကြီးမားလေးလံသော အနည်ဖတ်များသည် ဆွဲငင်အားကြောင့် ကန်၏ အောက်ခြေသို့ တဖြည်းဖြည်းကျဆင်းသွားပြီး အပေါ်ယံတွင် ကြည်လင်သောရေများ ကျန်ရစ်ခဲ့ပါသည်။ အောက်ခြေရှိ အနည်များကို စနစ်တကျ ဖယ်ရှားပစ်ရပါသည်။

### ရေစစ်ခြင်း

ရေစစ်ခြင်းလုပ်ငန်းစဉ်တွင် လက်ရှိ ခေတ်မီစနစ်များတွင် အဓိကအားဖြင့် နှေးကွေးသောသဲရေစစ်စနစ်နှင့် လျင်မြန်သော သဲရေစစ်စနစ်ဟူ၍ နှစ်မျိုးခွဲခြား အသုံးပြုကြပါသည်။

နှေးကွေးသော သဲရေစစ်စနစ်သည် ၁၉ ရာစုအစောပိုင်းတွင် စကော့တလန်နှင့် လန်ဒန်မြို့တို့၌ စတင်တီထွင်အသုံးပြုခဲ့သော အလွန်ထိရောက်သည့် သဘာဝရေစစ်နည်းပညာ ဖြစ်ပါသည်။ ဓာတုဗေဒပစ္စည်းများ လုံးဝအသုံးမပြုပါ။ အလုပ်လုပ်ပုံယန္တရားမှာ သဲအလွှာ၏ အပေါ်ယံတွင် "Schmutzdecke"ဟုခေါ်သော ဇီဝဗေဒအလွှာတစ်ခု သဘာဝအလျောက်ဖြစ်ပေါ်လာပြီး ရောဂါဖြစ်ပွားစေနိုင်သည့် ပိုးမွှားများနှင့် အော်ဂဲနစ်ပစ္စည်းများကို စားသုံးဖျက်ဆီးပစ်ပါသည်။ အားသာချက်များအနေဖြင့် ဓာတုပစ္စည်းလုံးဝမလိုခြင်း၊ ပြုပြင်ထိန်းသိမ်းစရိတ်သက်သာခြင်း၊ ဗက်တီးရီးယားနှင့် ဗိုင်းရပ်စ်များကို ၉၉ ဒသမ ၉ ရာခိုင်နှုန်းအထိ ဖယ်ရှားနိုင်ပြီး လျှပ်စစ်မီးမလိုပါ။ အားနည်းချက်များမှာ ရေစစ်နှုန်းအလွန်နှေးကွေးခြင်း၊ မြေနေရာကြီးမားစွာလိုအပ်ခြင်းနှင့် နောက်ကျိမှုအလွန်များသော ရေအတွက် မသင့်လျော်ခြင်းတို့ဖြစ်ပါသည်။

လျင်မြန်သော သဲရေစစ်စနစ်ကို မြို့ပြလူဦးရေ အလွန်ထူထပ်လာမှုနှင့်အတူ ရေလိုအပ်ချက် အဆမတန်မြင့်မားလာသောအခါ အစားထိုး အသုံးပြုလာကြခြင်းဖြစ်ပါသည်။ အလုပ်လုပ်ပုံယန္တရားများမှာ ဇီဝဗေဒအလွှာမပါဝင်ဘဲ သဲ၊ ကျောက်စရစ်နှင့် ကျောက်မီးသွေးအလွှာများကို ဖြတ်သန်း၍ ရုပ်ပိုင်းဆိုင်ရာသက်သက်ဖြင့် ဖမ်းယူစစ်ထုတ်ခြင်းဖြစ်ပါသည်။ သန့်ရှင်းရေးလုပ်ခြင်းအနေဖြင့် ပိတ်ဆို့လာပါက ရေစစ်ခြင်းကိုရပ်တန့်၍ လေဖိအားနှင့် ရေကို အောက်ခြေမှအထက်သို့ ပြောင်းပြန်တွန်းတင်ဆေးကြောရပါသည်။ အားသာချက်များအနေဖြင့် ရေစစ်နှုန်း ပိုမိုမြန်ဆန်ခြင်း၊ မြေနေရာ နည်းပါးစွာလိုအပ်ခြင်း၊ အလိုအလျောက်စနစ်ဖြင့် လုပ်ဆောင်နိုင်ခြင်းတို့ဖြစ်ပြီး အားနည်းချက်များမှာ ဓာတုပစ္စည်းများ အမြဲလိုအပ်ခြင်း၊ လျှပ်စစ်မီးနှင့် ကျွမ်းကျင်ဝန်ထမ်း အမြဲလိုအပ်ခြင်းတို့ဖြစ်ပါသည်။

### ရေစစ်ခြင်းတွင် အနှေးသဲရေစစ်ခြင်းနှင့် အမြန်သဲရေစစ်ခြင်း၏ ကွာခြားမှုပြပုံ

### ပိုးသတ်ခြင်း

ရေစစ်ပြီးသော ရေတွင် ကျန်ရှိနေနိုင်သေးသော ရောဂါဖြစ်ပွားစေသည့် ဗက်တီးရီးယားများ၊ ဗိုင်းရပ်စ်များနှင့် ကပ်ပါးကောင်များကို သေစေရန်အတွက် ပိုးသတ်ခြင်းလုပ်ငန်းစဉ်ကို မဖြစ်မနေ လုပ်ဆောင်ရပါသည်။ ဤအဆင့်တွင် ကလိုရင်း၊ အိုဇုန်း သို့မဟုတ် ခရမ်းလွန်ရောင်ခြည်တို့ကို အသုံးပြုလေ့ရှိပြီး ကလိုရင်းအသုံးပြုခြင်းသည် အတွင်ကျယ်ဆုံး ဖြစ်ပါသည်။

### သိုလှောင်ခြင်းနှင့် ဖြန့်ဝေခြင်း

သန့်စင်ပြီးသောရေများကို ရေလှောင်ကန်ကြီးများတွင် သိုလှောင်ထားပြီးနောက် ပိုက်လိုင်းကွန်ရက်များမှတစ်ဆင့် မြို့နေလူထုထံသို့ ဖြန့်ဝေပေးပါသည်။ ဤဖြန့်ဝေသည့် လမ်းကြောင်းတစ်လျှောက်တွင် ရေများ ပြန်လည်ညစ်ညမ်းမှု မဖြစ်စေရန်အတွက် အကြွင်းအကျန် ကလိုရင်းပါဝင်မှုသည် အလွန်အရေးပါသည်။

## ကလိုရင်းဖြင့် ရေသန့်စင်ခြင်း အသေးစိတ်

ကလိုရင်းဖြင့် ရေသန့်စင်ခြင်းသည် မြို့ပြရေပေးဝေရေးတွင် အရေးအပါဆုံးသော အဆင့်တစ်ခုဖြစ်ပါသည်။ ကလိုရင်းကို ပုံစံအမျိုးမျိုးဖြင့် အသုံးပြုနိုင်ပြီး အဖွဲ့အစည်းများ၏ လိုအပ်ချက်နှင့် စက်ရုံ၏ အရွယ်အစားအပေါ်မူတည်၍ ရွေးချယ်အသုံးပြုလေ့ရှိပါသည်။

**ကလိုရင်းဓာတ်ငွေ့**ကို ဖိအားမြင့် ဆလင်ဒါအိုးကြီးများဖြင့် သယ်ယူပို့ဆောင်လေ့ရှိပြီး ရေထဲသို့ တိုက်ရိုက်ထည့်သွင်း အသုံးပြုပါသည်။ ယင်းသည် ဈေးအသက်သာဆုံးနှင့် အထိရောက်ဆုံးပုံစံဖြစ်သော်လည်း အလွန်အန္တရာယ်များသော အဆိပ်ငွေ့ဖြစ်သောကြောင့် ကိုင်တွယ်အသုံးပြုရာတွင် အဆင့်မြင့်လုံခြုံရေးအစီအမံများနှင့် ကျွမ်းကျင်ဝန်ထမ်းများ လိုအပ်ပါသည်။ မြို့ကြီးများ၏ ရေသန့်စင်စက်ရုံကြီးများတွင် အဓိကအသုံးပြုပါသည်။

**ဆိုဒီယမ်ဟိုက်ပိုကလိုရိုက်**သည် ကလိုရင်း၏ အရည်ပုံစံဖြစ်ပြီး ပုံမှန်အိမ်သုံး အရောင်ချွတ်ဆေးတွင် ပါဝင်သော ဓာတုပစ္စည်းနှင့်တူညီပါသည်။ သို့သော် ရေသန့်စင်စက်ရုံများတွင်သုံးသော အရည်သည် ပြင်းအားပိုများပါသည်။ (ပုံမှန်အားဖြင့် ၁၂ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ)။ ယင်းကို ကိုင်တွယ်ရလွယ်ကူပြီး ဓာတ်ငွေ့လောက် အန္တရာယ်မများသောကြောင့် အလတ်စားနှင့် အသေးစား ရေသန့်စင်စက်ရုံများတွင် အကျယ်တဝင့် အသုံးပြုကြပါသည်။ **ကယ်လ်စီယမ်ဟိုက်ပိုကလိုရိုက်**သည် ကလိုရင်း၏ အမှုန့် သို့မဟုတ် ဆေးပြားပုံစံဖြင့် ရရှိနိုင်ပြီး ပြင်းအား ၆၅ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိ ရှိပါသည်။ ရေရှည်သိုလှောင်ထားရန် လွယ်ကူပြီး သယ်ယူပို့ဆောင်ရေးအတွက် အဆင်ပြေသောကြောင့် ဝေးလံခေါင်ဖျားသောဒေသများ သို့မဟုတ် အရေးပေါ် ရေသန့်စင်ရေးလုပ်ငန်းစဉ်များတွင် များစွာအသုံးဝင်ပါသည်။

**ကလိုရာမင်း**သည် ကလိုရင်းနှင့် အမိုးနီးယားတို့ကို ရောစပ်ထားသော ဒုတိယအဆင့် ပိုးသတ်ဆေးဖြစ်ပါသည်။ ကလိုရင်းစစ်စစ်ထက် ပိုးသတ်နိုင်စွမ်း အနည်းငယ်နှေးကွေးသော်လည်း ရေပိုက်လိုင်းများအတွင်း အချိန်ကြာမြင့်စွာတည်ရှိနေနိုင်ပြီး အနံ့အသက်ဆိုးများ ထွက်ပေါ်မှုကို လျှော့ချပေးနိုင်သောကြောင့် ပိုက်လိုင်းရှည်လျားသော မြို့ကြီးများတွင် အသုံးပြုလေ့ရှိပါသည်။

ကလိုရင်းသည် ရေထဲတွင် ပျော်ဝင်သွားသောအခါ ဟိုက်ပိုကလိုရစ်အက်စစ်နှင့် ဟိုက်ပိုကလိုရိုက် အိုင်းယွန်းတို့အဖြစ်သို့ ကွဲထွက်သွားပါသည်။ ဤဒြပ်ပေါင်းနှစ်ခုကို Free Available Chlorine (FAC) ဟုခေါ်ဆိုပြီး ၎င်းတို့သည် ရောဂါပိုးမွှားများကို သေစေရာတွင် အဓိကအခန်းကဏ္ဍမှပါဝင်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

# မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း(MWCDF)မှ ပဲခူးတိုင်းဒေသကြီးအတွင်း ကျန်းမာရေးစောင့်ရှောက်မှု အသိပညာပေးပြီး ဒေသ၏ကဏ္ဍစုံအတွက် ပံ့ပိုးလှူဒါန်း

နေပြည်တော် စက်တင်ဘာ ၁၀

**“လုံခြုံလုပဘဝများ အမျိုးသမီးနှင့် ကလေးတိုင်းရစေသား”** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း MWCDF သည် မြန်မာနိုင်ငံတစ်ဝန်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု အသီးသီးတွင် စဉ်ဆက်မပြတ် ဖေးမကူညီပံ့ပိုးလှူဒါန်းမှုများ ဆောင်ရွက်လျက်ရှိသည်။



စက်တင်ဘာ ၅ ရက် မွန်းလွဲပိုင်းက ပဲခူးမြို့နယ် ထုံးကြီးစံပြကျေးရွာတွင် ဒေသခံ ရပ်မိ ရပ်ဖများ၊ ကျေးလက်နေ အမျိုးသမီးများ၊ လူငယ်များနှင့်အတူ နယ်မြေကွင်းဆင်း၍ အသင်းဥက္ကဋ္ဌ ဒေါက်တာ နန္ဒာမွန်းက အသင်း၏ ရည်ရွယ်ချက်နှင့် လုပ်ရှား ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခြင်း၊ ကျေးလက်နေ အမျိုးသမီးများ၏ လူမှုစီးပွားဘဝ အတွက် အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတများ ဟောပြောဖြန့်ဝေပေးခြင်း၊ ကျေးရွာအသီးသီးမှ ဒေသခံသက်ကြီး အဘိုး/အဘွားများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ မသန်စွမ်းသူများအား လှိုင်သီရိမွန် အထူးကုဆေးခန်းမှ ဆရာဝန်နှင့် သူနာပြု ဆရာမများ၊ ဒေသခံကျန်းမာရေးမှူးနှင့် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုပေးခြင်း၊ လိုအပ်သောဆေးဝါးများ လှူဒါန်းပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဆက်လက်၍ အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ကျေးရွာစာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်၊ စာပေများကို လှူဒါန်းခြင်း၊ ကျေးရွာဆေးပေးခန်းအတွက် အလှူငွေ၊ ဆေးဝါးများနှင့် ဆေးပစ္စည်းများ လှူဒါန်းခြင်း၊ အခြေခံပညာကျောင်းရှိ ဆရာ ဆရာမ ၇၀ တို့အတွက် ကျောင်းဝတ်စုံများ လှူဒါန်းပေးခြင်း၊ ကျောင်းသား ကျောင်းသူများ အတွက် ပညာသင်ပံ့ပိုးစရိတ်များ၊ စာရေးကိရိယာပစ္စည်းများနှင့် အဆာပြေမုန့်များ လှူဒါန်းပေးခြင်း၊ ကိုယ်ဝန်ဆောင်အမျိုးသမီး ၁၀၂ ဦးတို့ အတွက် ပံ့ပိုးငွေများနှင့် အာဟာရဖြည့်စွက်စာ အစားအစာများပံ့ပိုးပေးခြင်း၊ မသန်စွမ်းသူ ၁၇ ဦး အတွက် ထောက်ပံ့ငွေများ၊ ဆေးဝါးများနှင့် အာဟာရဖြည့်စွက်စာများ လှူဒါန်းပေးခြင်း၊ အသက် ၈၀ ကျော် သက်ကြီးရွယ်အို အဘိုး/အဘွား ၆၅ ဦး အတွက် အလှူငွေများ၊ အားဆေးများနှင့် အာဟာရဖြည့်စွက်စာ အစားအစာများ လှူဒါန်းပေးခြင်း၊ ရပ်ကွက်/ကျေးရွာ အထောက်အကူပြုအဖွဲ့များ အတွက် အလှူငွေနှင့် အဝတ်အထည်များပေးအပ် လှူဒါန်းခြင်းများ ဆောင်ရွက်ကြသည်။

စက်တင်ဘာ ၆ ရက် နံနက်ပိုင်းတွင် ကျေးလက်နေ အမျိုးသမီးများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲနှင့် ပံ့ပိုးလှူဒါန်းခြင်း အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဒေါက်တာ နန္ဒာမွန်းက အမှာစကားပြောကြားခြင်း၊ ပန်းရောင်နှင်းဆီ ရင်သားကင်ဆာ လူနာပံ့ပိုးသူများ အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာခင်သီရိက “ရင်သားကင်ဆာ ဂရုပြုပါ” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ရွှေရောင်နှင်းဆီ ကင်ဆာဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ သားဖွားမီးယပ် အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ ရင်ရင်ဇော်က **“သားအိမ်ခေါင်းကင်ဆာ အကြောင်း သိကောင်းစရာများ”** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အသိပညာပေးဟောပြောခဲ့ကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် အမျိုးသမီးများက သက်ဆိုင်ရာအုပ်စုများအလိုက် မိမိတို့သိလိုသည်များ ဝိုင်းဝန်းဆွေးနွေးမေးမြန်းကြရာ တာဝန်ရှိသူများက အကြံပြုဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၆ ခုနှစ် စက်တင်ဘာလ ဒုတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် စက်တင်ဘာ ၁၀

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် စက်တင်ဘာ ၁၄ ရက်မှ ၁၉ ရက်အတွင်း မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများမှ ဆုတ်ခွာသွားဖွယ်ရာရှိသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှ အားအသင့်အတင့် ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့်မွန်ပြည်နယ်တို့တွင်ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင် ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်း မြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) တို့တွင် ရှစ်ရက်မှ ၁၀ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် ငါးရက်မှ ခုနစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ပေမှ ငါးပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ နှစ်ပေခန့် လက်ရှိရေမှတ်များ အထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် လေးပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ပေဝက်ခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် နှစ်ပေမှ သုံးပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ပေမှ နှစ်ပေခွဲခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် နှစ်ပေမှ သုံးပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ငါးပေခန့်၊ ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့ နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ပေဝက်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် လေးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

**မိုး/ဇလ**



## မင်းလှ-လှည်းကူး-ညောင်ဝန်း-အိုးသည်ကုန်းလမ်းပေါ်ရှိ အုတ်ခုံခံသစ်သားတံတားပြုပြင်ရန် ကွင်းဆင်းစစ်ဆေး

မင်းလှ စက်တင်ဘာ ၁၀

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး(ငွေလုံးငွေရင်း) ရန်ပုံငွေကျပ် သန်း ၁၄၀ ဖြင့် တာဝန်ယူဆောင်ရွက်မည့် မင်းလှ-လှည်းကူး-ညောင်ဝန်း- အိုးသည်ကုန်းလမ်းပေါ်ရှိအုတ်ခုံခံသစ်သား တံတားပြုပြင်ရန် အခြေအနေကို စက်တင်ဘာ ၉ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ပဲခူးတိုင်းဒေသကြီး တာဝန်ခံအင်ဂျင်နီယာချုပ် ဦးထွန်းဝေသည် တာဝန်ရှိသူများနှင့်အတူ ဌာနမှ တာဝန်ယူဆောင်ရွက်သည့် မင်းလှ-လှည်းကူး-ညောင်ဝန်း-အိုးသည်ကုန်းလမ်းပေါ်ရှိ အရှည်ပေ ၉၀ အုတ်ခုံခံသစ်သားတံတားအား ရေလယ်တိုင်တံတားကြမ်းခင်း ဘီးနင်းနှင့်လက်ရန်းတိုင်များအစားထိုးလဲလှယ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်းဖွင့်

အုတ်တွင်း စက်တင်ဘာ ၁၀

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ဥပဒေရုံး၏ကြီးကြပ်မှုဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ဖွင့်လှစ်သော ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်း( ၁/၂၀၂၆)ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ဈေးရပ်ကွက်ရှိ ဈေးကျောင်းတိုက် ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ပြုလုပ်သည်။

သင်တန်းတွင် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (TOT) သင်တန်းဆင်းများဖြစ်ကြသည့် ဈေး၊ မဲကုန်း၊ ကသစ်တန်းရပ်ကွက်များမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက သင်တန်းသား သင်တန်းသူ ၁၄၀ အား ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီး၊ လောင်းကစားဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ဆိုင်ရာ ဥပဒေ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများဥပဒေတို့ကို ဆွေးနွေးပို့ချခဲ့ကြကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

## မင်းလှမြို့နယ်၌ ဝါစိုက်ခင်းများအား ကြည့်ရှုစစ်ဆေး

မကွေး စက်တင်ဘာ ၁၀

မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်ဇော်ထွန်းနှင့် တာဝန်ရှိသူများသည် စက်တင်ဘာ ၉ ရက်က မင်းလှမြို့နယ် သမဝါယမအသင်းစုလီမိတက်ပိုင် ဆီစက်လည်ပတ်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆီစက်အဆင့်မြှင့်တင်ရေး လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရေး ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများသည် မင်းလှမြို့နယ် ပေတောကန္ဒားကျေးရွာအုပ်စု ကိုင်းကျေးရွာရှိ သက်တန့်ရောင်စီမံကိန်းဖြင့် မျိုးနှင့် သွင်းအားစုများ ပံ့ပိုးပေးအပ်ထားသော ရွှေဝါမြေလယ်/ထွေသမဝါယမအသင်းမှ အသင်းသားတောင်သူ ဦးသိန်းအောင်၏ “ဝါ” စိုက်ခင်းသို့ ကွင်းဆင်းကြည့်ရှု



စစ်ဆေးကာ ဒေသခံတောင်သူများ၏လိုအပ်ချက်များအား အသင်းအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း (ပြန်/ဆက်)**






၂၃၀ ကေဗွီ ရွှေကျင် – သာယာကုန်း ဓာတ်အားလိုင်း ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို တွေ့ရစဉ်။






၂၃၀ ကေဗွီ ရွှေကျင် – သာယာကုန်း ဓာတ်အားလိုင်း ဖျက်ဆီးခံရမှုကြောင့် ပြိုလဲပျက်စီးလျက်ရှိသည့် တာဝါတိုင် (ဝဲပုံ)နှင့် ဓာတ်အားလိုင်းပြုပြင်ပြီးစီးမှု (ယာပုံ) တို့ကို တွေ့ရစဉ်။

❀ ကျောဖုံးမှ

ဓာတ်အားလိုင်းအား ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၆ ရက်တွင် ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ညောင်လေးပင်မြို့နယ်အတွင်းရှိ တာဝါတိုင် ၁၁ တိုင် ပြိုလဲပျက်စီးခဲ့ရာ နိုင်ငံတော် ဓာတ်အားစနစ်သို့ ရွှေကျင်ရေအားလျှပ်စစ်စက်ရုံ၏ ထုတ်လုပ်မှု ၇၅ မဂ္ဂါဝပ်အား ပို့လွှတ်နိုင်ခြင်း မရှိတော့သဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး အပါအဝင် ဒေသတွင်းမြို့များ၌ အချိန်ပိုင်း ဓာတ်အား ဖြတ်တောက်၍ ဓာတ်အားဖြန့်ဖြူးခဲ့ရပြီး အပြစ်မဲ့ ပြည်သူများမှာ လူမှုစီးပွားရေးနှင့် နေ့စဉ်ဘဝများတွင် အခက်အခဲများ ဖြစ်ပေါ်ခဲ့ရသည်။

**တိုးမြှင့်ပို့လွှတ်နိုင်ခဲ့**

သို့ဖြစ်ရာ သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အစောင့်အရှောက် ရယူ၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဝန်ထမ်းအင်အား ၃၀၀ တို့က ဒေသခံ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့် စွန့်လွှတ်စွန့်စား စိတ်ဓာတ်များဖြင့် မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် ရွှေကျင်ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံမှ ထုတ်လုပ်သည့် လျှပ်စစ်ဓာတ်အား ၇၅ မဂ္ဂါဝပ်အပြင် ဆက်စပ်လျက်ရှိသည့် ဓာတ်အားလိုင်းများ ပြုပြင်ပြောင်းလဲ ချိတ်ဆက်နိုင်ခဲ့မှုကြောင့် စုစုပေါင်း မဂ္ဂါဝပ် ၈၀ ခန့် တစ်ရက်လျှင် ယူနစ် ၃ ဒသမ ၂ သန်းကို နိုင်ငံတော်ဓာတ်အား စနစ်အတွင်းသို့ တိုးမြှင့်ပို့လွှတ်နိုင်ခဲ့သည်။

အဆိုပါ ဓာတ်အားပမာဏသည် တစ်ရက်လျှင် လူဦးရေ ၃ ဒသမ ၅ သန်းကို ဓာတ်အားဖြန့်ဖြူးပေးနိုင်သည့် ပမာဏဖြစ်ပြီး ရန်ကုန်မြို့တွင် တစ်ရက် ၈ နာရီခန့် ဝန်အား ထိန်းညှိ၍ အလှည့်ကျစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးရန် မလိုတော့ဘဲ စက်တင်ဘာ ၉ ရက်မှ စတင်၍ ဓာတ်အားလိုင်းအပြစ်ဖြစ်ပေါ်ချိန်မှအပ ၂၄ နာရီ ပတ်လုံး ဓာတ်အား ဖြန့်ဖြူးပေးနိုင်လျက်ရှိရာ ပြည်သူလူထု၏ နေ့စဉ် လူမှုစီးပွားဘဝ တိုးတက်မှုကို အထောက်အပံ့များစွာ ဖြစ်စေခဲ့သည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် ဓာတ်အားလိုင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ စောင့်ရှောက်ဖြည့်ဆည်းပေးမှု၊ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် အင်တိုက်အားတိုက် ပြန်လည်ပြုပြင်နိုင်ရေး ကြိုးပမ်းလျက်ရှိပြီး ပြုပြင်ပြီးစီးလာသည်နှင့်အမျှ ပြည်သူလူထုအနေဖြင့် လျှပ်စစ်ဓာတ်အား ပိုမိုတိုးတက်ရရှိ သုံးစွဲနိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်၏ မဟာဓာတ်အားလိုင်းကြီးများအပါအဝင် ဓာတ်အားစနစ်တစ်ခုလုံး လျင်မြန်စွာ တိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် မိဘပြည်သူများအနေဖြင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ရာဇဌာနီလမ်းရှိ နှင်းဆီပန်းအဝိုင်းအနီးတွင် စက်တင်ဘာ ၁၀ ရက်က လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးမြေစိုက်ပိုစတာစိုက်ထူခြင်းအခမ်းအနားကို ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဇော်မင်းဦးတို့က မြေစိုက်ပိုစတာအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ အောင်ကို(ပုဗ္ဗသီရိ)

## တရားမဝင်ဓာတ်အားသုံးစွဲမှုကို ဖော်ထုတ်နိုင်ခဲ့သည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းခြောက်ဦးအား ချီးကျူးဂုဏ်ပြု

**ရန်ကုန် စက်တင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မြောင်းတကာမြို့စက်မှုဇုန်ရှိ Sky Man သံရည်ကျိုလုပ်ငန်းတွင် တရားမဝင်ဓာတ်အား ရယူသုံးစွဲခဲ့မှုကို မြေပြင်ကွင်းဆင်းစစ်ဆေးဖော်ထုတ်နိုင်ခဲ့သည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းခြောက်ဦးအား ချီးကျူးဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၌ ကျင်းပသည်။



အဆိုပါ ပေးအပ်ပွဲတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌက အမှာစကားပြောကြားပြီး နစ်နာခဲ့သည့် ဓာတ်အားခလျော်ကြေးများ ပြန်လည်ရရှိရေးနှင့် Losses ကျဆင်းရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းခြောက်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အမြန်လမ်းမကြီးရဲတပ်ဖွဲ့ စကားအင်းအမြန်လမ်းရဲစခန်းမှ စခန်းမှူး ရဲအုပ်အောင်အောင် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ စုပေါင်း၍ အမြန်လမ်းမကြီး မိုင်တိုင်(၃၄၉/၄)အနီးရှိ လောကထွဋ်ခေါင်စေတီတော်ရင်ပြင်၌ စက်တင်ဘာ ၉ ရက်က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ကိုရဲ

## တာချီလိတ်မြို့၌ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**တာချီလိတ် စက်တင်ဘာ ၁၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်တွင် ရန်ရှင်း – ဘာဘီး (၁)(၂)(၃)(၄)(၅) – ပန်တော်ချေ ကျေးရွာချင်းဆက် လမ်းကတ္တရာခင်းခြင်း လုပ်ငန်း ဆောင်ရွက်နိုင်ရေး ကွင်းဆင်းတိုင်းတာခြင်းကို စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျလင်း၊ တာချီလိတ်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ဦးရဲလွင်နှင့် တာဝန်ရှိသူများက လမ်းအရှည် ၃ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ဒ ကိုးလက်မရှိ ကတ္တရာလမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ရန် အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဇင်မာ**

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PNLO၊ DPLA၊ KNDF နှင့် PDF အမည်ခံအဖွဲ့ဝင် ၆၀ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်




**နေပြည်တော် စက်တင်ဘာ ၁၀**

တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို အစဉ်တစိုက် အလေးထားဆောင်ရွက်လျက်ရှိသည်နှင့်အညီ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး(Counter-Terrorism Operation)များတွင် အောင်မြင်မှုများရရှိကာ အကြမ်းဖက် သောင်းကျန်းသူများ ယာယီ ထိန်းချုပ်ထားသည့် နယ်မြေများအား အပြီးတိုင် ပြန်လည် ထိန်းချုပ်နိုင်ခဲ့ပြီး ဆက်သွယ်ရေးလမ်းကြောင်းများအား အပြည့်အဝ ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့မှုအပေါ် ဒေသခံ တိုင်းရင်းသား ပြည်သူများ အနေဖြင့် ဝမ်းသာအားရ ကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ၊ ယုံကြည်အားကိုးမှုများဖြင့် တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်လာခဲ့ခြင်းများကြောင့် လက်နက်ကိုင်အကြမ်းဖက်အဖွဲ့ဝင်များ အနေဖြင့်လည်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာကြကာ နီးစပ်ရာနယ်မြေခံ တပ်စခန်းများနှင့် လုံခြုံရေးရဲကင်းများတွင် လာရောက်သတင်းပို့ပြီး ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိကြသည်။

ယနေ့တွင်လည်း အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ အင်းလေး PDF ၁၀ ဦး၊ ယင်းမာပင် PDF သုံးဦး၊ DPLA ခြောက်ဦး၊ KNDF နှစ်ဦး၊ ဖယ်ခုံ PDF တစ်ဦး၊ လွိုင်ကော် PDF တစ်ဦး၊ PNLO အဖွဲ့ဝင် ၃၇ ဦး စုစုပေါင်း ၆၀ တို့သည် ပစ္စတိုသေနတ် နှစ်လက်၊ M-22 သေနတ် နှစ်လက်၊ MA-1 သေနတ် နှစ်လက်၊ Type- 81 သေနတ် ကိုးလက်၊ AK-47 သေနတ် ၁၃ လက်၊ M-16 သေနတ် သုံးလက်၊ BA -72 သေနတ် တစ်လက်၊ ပွိုင့် -၂၂ သေနတ် တစ်လက်၊ နှစ်လုံးပြူးသေနတ် တစ်လက်၊ Bazooka တစ်လက် စုစုပေါင်းလက်နက်မျိုးစုံ ၃၅ လက်၊ လက်ပစ်ဗုံး တစ်လုံး၊ ကျည်အိမ်မျိုးစုံ ၄၆ ခု၊ ကျည်မျိုးစုံ ရှစ်တောင့်၊ ယမ်းတောင့် တစ်ခုတို့နှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် တောင်ကြီးမြို့နယ်မှ အမျိုးသား သုံးဦး၊ ရပ်စောက်မြို့နယ်မှ အမျိုးသား တစ်ဦး၊ ညောင်ရွှေမြို့နယ်မှ အမျိုးသား ၁၀ ဦး၊ ဖယ်ခုံမြို့နယ်မှ အမျိုးသား တစ်ဦး၊ ဆီဆိုင်မြို့နယ်မှ အမျိုးသား ၂၃ ဦးနှင့် အမျိုးသမီး တစ်ဦး၊ ပင်လောင်းမြို့နယ်မှ အမျိုးသား သုံးဦး၊ လွိုင်ကော်မြို့နယ်မှ အမျိုးသမီး တစ်ဦး၊ မောက်မယ်မြို့နယ်မှ အမျိုးသား ရှစ်ဦးနှင့် အမျိုးသမီး တစ်ဦး၊ နောင်ချိုမြို့နယ်မှ အမျိုးသား ငါးဦး၊ ယင်းမာပင်မြို့နယ်မှ အမျိုးသား နှစ်ဦး၊ ပုလဲမြို့နယ်မှ အမျိုးသား တစ်ဦးတို့အား ပြန်လည်ကြိုဆိုလက်ခံခြင်းနှင့် ဆုကြေးငွေ ထောက်ပံ့ခြင်းကို ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ သံလွင်ခန်းမ၌ ကျင်းပပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပအိုဝ်း/ခနေကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အလင်းဝင်ရောက်လာသူ လူငယ်များအား အသိပညာပေး ရှင်းလင်း ပြောကြားသည်။ ထို့နောက် ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်က ဥပဒေအကြောင်းအရာများကို ဆွေးနွေးပြောကြားသည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါရှိလာသည့် လက်နက်/ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများကို လွှဲပြောင်းအပ်နှံရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများအား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပစ္စတို တစ်လက်အတွက် ဆုကြေးငွေကျပ် သိန်း ၂၀ နှုန်းဖြင့် နှစ်လက်အတွက် ငွေကျပ် သိန်း ၄၀၊ Bazooka တစ်လက်အတွက် ဆုကြေးငွေကျပ် ၇၅ သိန်း၊ ရိုင်ဖယ်အုပ်စုဝင် သေနတ် တစ်လက်နှုန်းအတွက် ဆုကြေးငွေကျပ် သိန်း ၅၀ နှုန်းဖြင့် ၃၁ လက်အတွက် ငွေကျပ်သိန်း ၁၅၅၀၊ နှစ်လုံးပြူးသေနတ် တစ်လက်အတွက် ဆုကြေးငွေကျပ် သိန်း ၃၀၊ လက်ပစ်ဗုံး တစ်လုံးအတွက် ဆုကြေးငွေကျပ် သုံးသိန်းနှင့် အလင်းဝင်ရောက်လာသူများအတွက် တစ်ဦးလျှင် ငွေကျပ် နှစ်သိန်းနှုန်းဖြင့် ၆၀ အတွက် ဆုကြေးငွေ ကျပ်သိန်း ၁၂၀ စုစုပေါင်း ငွေကျပ် ၁၈၁၈ သိန်းကို ချီးမြှင့်ပေးအပ်ခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပြီး အလင်းဝင်ရောက်လာသူများ ကိုယ်စား အလင်းဝင်ရောက်လာသူတစ်ဦးမှ ကျေးဇူးတင် စကား ပြန်လည်ပြောကြားကာ ခံဝန်ကတိ လက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးအပ်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာသူများမှ အပ်နှံထားသော လက်နက်/ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများအား ကြည့်ရှုစစ်ဆေး၍ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်သည်။

ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်-



၁။ PDF အကြမ်းဖက်အဖွဲ့က မဝင်မနေရ ခြိမ်းခြောက်စည်းရုံးခဲ့တဲ့အတွက် PDF အကြမ်းဖက်အဖွဲ့ထဲကို ရောက်ရှိခဲ့တာဖြစ်ပါတယ်။ အကြမ်းဖက် PDF အဖွဲ့ဝင်တွေက ပြည်သူတွေအပေါ် ဆက်ကြေးတွေ ကောက်ခံခဲ့တယ်။ အထက်အရာရှိ ခေါင်းဆောင်တွေက ကျွန်တော်ကို ဆဲဆိုပြောဆိုခြင်းတွေရှိခဲ့တယ်။ ထွက်ပြေးရင်လည်း မိဘ၊ ညီအစ်ကို မောင်နှမတွေကို ဖမ်းဆီးမယ်ဆိုပြီး ပြောတယ်။ ကျွန်တော် စိတ်ဓာတ်ကျခဲ့ရတယ်။ ထွက်ပြေးခဲ့ပြီး အခုလို အလင်းဝင်ရောက်လာခဲ့ရခြင်းဖြစ်တယ်။ တပ်မတော်အနေနဲ့ အလင်းဝင်ရောက်လာတဲ့လူငယ်တွေကိုလည်း နွေးထွေးစွာကြိုဆိုပေးတဲ့အတွက် အကြမ်းဖက်အဖွဲ့ထဲမှာ ကျန်ရှိနေသေးတဲ့လူငယ်တွေကိုအကြမ်းဖက်အဖွဲ့ရဲ့ ဝါဒဖြန့်ပြောစကားတွေကို နားမထောင်ဘဲ တပ်မတော်ထဲကို အလင်းဝင်ရောက်လာခဲ့ဖို့ တိုက်တွန်းလိုပါတယ်။



၂။ ၂၀၂၁ ခုနှစ် စက်တင်ဘာလမှာ သူငယ်ချင်းတွေရဲ့ စည်းရုံးမှုနဲ့ ကျွန်တော်အဖွဲ့ထဲကို ပါသွားတာပါ။ အဖွဲ့ထဲမှာနေစဉ်ကာလကလည်း ခေါင်းဆောင်ပိုင်းတွေက သူတို့အချင်းချင်းလည်း မတည့်ကြဘူး နေရာလုနေကြတယ်။ လက်အောက်ငယ်သားတွေကို ဖိနှိပ်တာမျိုး ရပိုင်ခွင့်အပြည့်အဝ မရတာတွေလည်း ပါတာပေါ့။ နောက်ပိုင်းကျတော့ ကျွန်တော်လည်း ထိတွေ့တိုက်ပွဲတွေဖြစ်တဲ့အချိန်ကျရင် သေမှာကြောက်တာတစ်ဖက်၊ အခွင့်အလမ်းမရှိတာတစ်ဖက်၊ အဲဒါကြောင့် ထွက်ပြေးခဲ့တာပါ။ တပ်မတော်ဘက်ကို အလင်းဝင်လာတော့ ကောင်းကောင်းမွန်မွန်နဲ့ နွေးနွေးထွေးထွေးနဲ့ မိသားစုလို ညီအစ်ကို မောင်နှမလို ကြိုဆိုတဲ့အတွက် ဝမ်းလည်းသာတယ်၊ ပျော်လည်းပျော်တယ်။ ကျန်ခဲ့တဲ့ လူငယ်လေးတွေကိုလည်း အလကားအကြောင်းမဲ့ အသေခံမယ့်အစား တပ်မတော်မှာ အလင်းဝင်ပြီးတော့ ကိုယ့်မိသားစုနဲ့ အေးအေးချမ်းချမ်း ပြန်နေထိုင်စေချင်ပါတယ်။ **သတင်းစဉ်**

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

**နေပြည်တော် စက်တင်ဘာ ၁၀**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အေးမင်းဦးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအားညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော



ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍ လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

ယင်းနောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ နေ့လယ်စာ အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

ဤ “ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း” စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်(တေဇောဓာတ်လောင်ကျွမ်းခြင်း) အထိ စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း

ဆရာကြည်

(၁၄-၉-၂၀၂၆ ရက်နေ့မှအဆက်)

ဘုရားရှင်သည် ဤသို့သော တရားဟောကြားပြီးနောက် မင်းရင်ပြင်သို့ ဦးတည်သွားလေသည်။ ဤသို့ကြွလာသည်မြင်သော ကောသလမင်းကြီးသည် ဘုရားရှင်အား “မြတ်စွာဘုရား အဘယ်အရပ်သို့ ဘယ်အကြောင်းကြောင့် ကြွတော်မူပါသနည်း”ဟု မေးမြန်းလျှောက်ထားလေသည်။


ဘုရားရှင်က ကာဏာမာတာ၏အိမ်သို့ ဤသို့အကြောင်းကြောင့် ကြွရောက်ပြီး ယခု ကာဏာကို သောတာပန်ဖြစ်စေ၍ လောကုတ္တရာစည်းစိမ်ရှင်ဖြစ်အောင် ပြုစေခဲ့သည်ကို အလုံးစုံ မိန့်ကြားတော်မူလေသည်။

ထိုအခါ မင်းကြီးက “ဤသို့ဆိုလျှင် တပည့်တော်က ကာဏာကို လောကီစည်းစိမ်ရှင်ဖြစ်အောင် ပြုလုပ်ဆောင်ရွက်ပါမည်ဘုရား”ဟု လျှောက်ထားလေသည်။ ထို့နောက် ဘုရားရှင်ကို ရှိခိုးပြီး သူ့နန်းတော်သို့ ပြန်သွားလေသည်။ မင်းကြီးသည် နန်းတော်သို့ရောက်လျှင် ယာဉ်ကိုလွှတ်၍ ကာဏာကိုခေါ်စေပြီး အဝတ်တန်ဆာများဆင်ပေးလျက် “ငါ၏ သမီးတော်ကို ကျွေးမွေးစောင့်ရှောက်နိုင်သူ ရှိသလား”ဟု ဆိုလေသည်။ အမတ်တစ်ဦးက “ဘုရား ကျွန်တော်မျိုး တာဝန်ယူလုပ်ကျွေးပါမည်”ဟု လျှောက်ထားပြီး အိမ်သို့ခေါ်ခဲ့လေသည်။ အိမ်ရောက်သောအခါ သူ၏စည်းစိမ်အားလုံးကို အပ်လေသည်။ ယင်းအမတ်ကလည်း ကာဏာအား “ကုသိုလ်ကောင်းမှုများကို သင်ကြိုက်သလို လုပ်ဆောင်လော”ဟုဆိုလေသည်။ ဤနေ့မှစ၍ ရဟန်းသံဃာတို့အား အိမ်တွင်းအိမ်ပြင် တံခါးလေးဝ၌ နေ့စဉ် ဆွမ်းခဲဖွယ်တို့ဖြင့် ကြီးကျယ်စွာ လှူဒါန်းလေသည်။

ရဟန်းတို့သည် ထိုအကြောင်းတို့ကို ကြားသိရသော် တရားသဘင်၌ ဘုရားရှင်တို့မည်သည် အံ့ဩမကုန်နိုင်သော ကျေးဇူးတော်၊ ဂုဏ်တော်တို့ကို ချီးကျူးကြကုန်အံ့ဟု ဤအကြောင်းနှင့်စပ်လျဉ်း၍ ပြောဆိုကြကုန်သည်။ ထိုအခါ ဘုရားရှင်သည် ရဟန်းတို့အား ဤအကြောင်းကိုမေးပြီး “ရဟန်းတို့ ကာဏာသည် နှလုံးမကြည်သာ နောက်ကျိနေ၍ ပျံ့လွင့်နေသည့်စိတ်ရှိနေသော်လည်း ငါဘုရား၏ တရားတော်ကြောင့် အထူးစိတ်ကြည်လင်သွားလေပြီ”ဟု မိန့်တော်မူသည်။ ဆက်၍ ဘုရားရှင်သည် နက်နဲလှစွာသော သမုဒ္ဒရာသည် ရေနောက်ကျိခြင်းမရှိ၊ အထူးသဖြင့် ကြည်လင်သကဲ့သို့ ထို့အတူ ပညာရှိတို့သည် တရားတော်နာကြားရသော် အထူးစိတ်ကြည်လင်ကုန်၏ဟူ၍ ဂါထာဖြင့် တရားဟောကြားတော်မူလေသည်။

**အနာထပိဏ်သူဌေးနှင့် မိစ္ဆာနတ်တို့အကြောင်း**

အနာထပိဏ်သူဌေး၏ သဒ္ဓါတရားသည်



အလွန်ကြီးမားပါသည်။ ဇေတဝန်ကျောင်းတိုက်အတွက် ငါးဆယ့်လေးကုဋေ လှူဒါန်းထားသည့်အပြင် ဘုရားရှင်ထံသို့ နေ့စဉ် သုံးကြိမ်သွား၍ ဆည်းကပ်သောအခါ၌လည်း ရဟန်းများအတွက် နံနက် ယာဂု၊ နေ့လယ် ဆီဦးဆေး၊ ညနေ ပန်းနံ့သာနှင့် အဝတ်အထည်များကို ယူဆောင်၍ လှူဒါန်းလေသည်။ ကာလကြာမြင့်သောအခါ သူဌေးကြီးမှာ ဥစ္စာပစ္စည်းများ ကုန်ခန်းလျက်ရှိလေသည်။ သူသည် သောတာပန်ဖြစ်သောကြောင့် အလှူဒါနအရာ၌ တွန့်တိုခြင်းမရှိသည့်အပြင် ရဟန်းသံဃာတို့အား ကပ်သည်တွင် ဆွမ်းကောင်း၊ ဟင်းကောင်း မဟုတ်စေကာမူ အမြဲမပြတ် လှူဒါန်းလျက်ရှိသည်။

တစ်နေ့သောအခါ သူဌေးကြီးသည် ယင်းအကြောင်းအရာများကို ဘုရားရှင်အား လျှောက်ထားတင်ပြသောအခါ ဘုရားရှင်က “အလှူ့ဒါယကာကြီး ယခု သင်လှူသောအလှူကို နွမ်းပါးအလှူဟု မထင်သင့်။ ဘုရား အစရှိသော အရိယာသံဃာတို့အား လှူသောအလှူသည် နွမ်းပါးသည်မရှိ။ အရိယာသူတော်စင် အလှူခံမြတ်တို့အား လှူရသောအလှူသည် ရခဲ၏။ ထိုအလှူကို ယင်းပုဂ္ဂိုလ်မြတ်တို့အား လှူပြီးဖြစ်၍ နွမ်းပါးသည်ဟုမကြံသင့်”ဟူ၍ “ဝေလာမသုတ်ကို ဟောကြားတော်မူသည်။

သူဌေးကြီး၏ တံခါးမုခ်စောင့်သော မိစ္ဆာနတ်တစ်ဦးသည် ဤသို့ဘုရားရှင်နှင့်တကွ အရိယာသူတော်စင်များ ဝင်ထွက်သွားလာသည့် တံခါးနေရာဖယ်ပေးရသောကြောင့် စိတ်ငြိုငြင်လာသည်။ ထို့ကြောင့် တံခါးမုခ်စောင့်နတ်က ယခု သူဌေးကြီးသည် ဆင်းရဲသွားပြီဖြစ်၍ သူ့အခွင့်ကြုံလာလေသည်။ တံခါးမုခ်စောင့်နတ်သည် သူဌေးကြီး၏ တိုက်ခန်းသို့ ညအခါ၌ သွား၍ ကောင်းကင်မှ ရပ်လျက် “သူဌေးကြီး ငါကား သင့်အိမ်၏ တံခါးမုခ်၌စောင့်သောနတ်တည်း။ သင်သည် နောင်ရေးမမြင် ရဟန်းဂေါတမသာသနာ၌ ဥစ္စာများကို အလွန်အကြူးလှူဒါန်း၏။ ယခု ဆင်းရဲလေပြီ။ ရဟန်းဂေါတမက သင့်အား အဘယ်အကျိုးပေးအံ့နည်း။ ဤသို့အလွန်အကဲ မစွန့်ကြဲမလှူဒါန်းဘဲ ကုန်သွယ်ခြင်း စသည်တို့ကိုပြု၍ စည်းစိမ်ဥစ္စာပစ္စည်းများကိုမြဲစေလော့”ဟု ဆိုလေသည်။

သူဌေးကြီးသည်သောတာပန်ဖြစ်သောကြောင့် မိစ္ဆာနတ်အား “သင်သည် မသင့်လျော်သောစကားကိုပြောသည်။ ဤသို့ပြောခြင်းကြောင့် ငါ့အိမ်၌ မနေနှင့်။ ထွက်သွားလော့”ဟု နှင်ထုတ်လေသည်။ ၎င်းနတ်သည် သူဌေးကြီး၏စကားကို မလွန်ဆန်နိုင်၍ သားငယ်၊ သမီးငယ်တို့ကိုဆွဲကာ ထွက်သွားရှာလေသည်။ ၎င်းသည် ဤနေရာမှလွဲ၍ နေစရာမရှိသောကြောင့် သူဌေးကြီးကို ကြောက်သည်။ ထို့ကြောင့် သူပြန်သွားနေလို၍ သိကြားမင်းထံသို့ အကူအညီတောင်းခံလေသည်။ သိကြားမင်းက “ငါလည်း သူဌေးကြီးကို မပြောဝံ့။ ငါသိသည့် အချက်များကို သင့်အားပြောပြအံ့။ သူဌေးကြီးထံမှ ကုန်သွယ်သူတို့ချေးငှားပြီး ပြန်မပေးသည့်ဥစ္စာ တစ်ဆယ့်ရှစ်ကုဋေရှိသည်။ သူဌေးကြီး၏ ဘိုးဘွားများ မြစ်ကမ်းပါး၌ မြှုပ်ထားခဲ့သော ဥစ္စာ ၁၈ ကုဋေသည် ရေကြောင်းကမ်းပါးပြို၍ သမုဒ္ဒရာထဲသို့ မျောပါသွားခဲ့သည်။ ထိုသို့သောအရပ်၌ ပိုင်ရှင်မဲ့ဥစ္စာ ၁၈ ကုဋေလည်းရှိသည်။ ဤသော ၅၄ ကုဋေသောပစ္စည်းတို့ကို သင့်အာနုဘော်ဖြင့် ယူဆောင်ပြီး သူဌေးကြီး၏တိုက်ခန်းများကို ဖြည့်ပြည့်ဝစေလော။ ဤသို့ပြုခြင်းဖြင့် မိမိအားပေးသော ပြစ်ဒဏ်မှုကို ပြုပြီး သူဌေးကြီးအား ကန်တော့”ဟု ဆိုလေသည်။ မိစ္ဆာနတ်သည် သိကြားမင်းပြောသည့်အတိုင်း ပြုလုပ်ဆောင်ရွက်ပြီး သူဌေးကြီးထံသို့ ဝန်ချတောင်းပန်လေသည်။

သူဌေးကြီးသည် ဤနတ်ကို ဘုရားရှင်ထံသို့ ခေါ်သွားပြီး အကြောင်းစုံလျှောက်ထားလေသည်။ ဘုရားရှင်သည် ၎င်းတို့နှစ်ဦးအား ဆုံးမလိုသောကြောင့် “သူဌေးကြီး ဤလောက၌ မကောင်းမှုပြုသောသူပင် မကောင်းမှု ကံအကျိုး မပေးလေသမျှ ကာလပတ်လုံး ကောင်းကျိုးကို တွေ့မြင်နိုင်သေးသည်။ မကောင်းမှုကံ အကျိုးပေးသောအခါ၌မူ မကောင်းမှုပြုသောသူသည် မကောင်းကျိုးကိုသာ တွေ့မြင်ရတော့သည်။ ကောင်းမှုပြုသောသူသည်ပင် ကောင်းမှုကံအကျိုး မပေးလေသမျှကာလပတ်လုံး မကောင်းမှုကို တွေ့မြင်ရသေး၏။ ကောင်းမှုကံအကျိုးပေးသောအခါ၌မူ ကောင်းမှုပြုသောသူသည် ကောင်းကျိုးကိုသာ တွေ့မြင်ရတော့၏”ဟု ဂါထာနှစ်မျိုးလုံးဖြင့် ဟောကြားတော်မူလေသည်။ ယင်းတရားများကို နာကြားပြီးသော် နတ်မိစ္ဆာသည် သောတာပန်ဖြစ်သွားလေသည်။

**ဘုရားရှင်သည် ၎င်းတို့နှစ်ဦးအား ဆုံးမလိုသောကြောင့် “သူဌေးကြီး ဤလောက၌ မကောင်းမှုပြုသောသူပင် မကောင်းမှု ကံအကျိုး မပေးလေသမျှ ကာလပတ်လုံး ကောင်းကျိုးကို တွေ့မြင်နိုင်သေးသည်။ မကောင်းမှုကံ အကျိုးပေးသောအခါ၌မူ မကောင်းမှုပြုသောသူသည် မကောင်းကျိုးကိုသာ တွေ့မြင်ရတော့သည်။ ကောင်းမှုပြုသောသူသည်ပင် ကောင်းမှုကံအကျိုး မပေးလေသမျှကာလပတ်လုံး မကောင်းမှုကို တွေ့မြင်ရသေး၏။ ကောင်းမှုကံ အကျိုးပေးသောအခါ၌မူ ကောင်းမှုပြုသောသူသည် ကောင်းကျိုးကိုသာ တွေ့မြင်ရတော့၏”ဟု ဂါထာနှစ်မျိုးလုံးဖြင့် ဟောကြားတော်မူ**

**နိဗ္ဗာန်ဆော်နှင့် ဗိဠာလပါဒကသူဌေးတို့အကြောင်း**

သာဝတ္ထိပြည်၌ ပညာရှိလူငယ်တစ်ယောက်ရှိသည်။ ၎င်းသည် မိမိလည်းလှူ၊ သူတစ်ပါးလည်းလှူနိုင်အောင် ဆောင်ရွက်သောသူသည် (၁) စည်းစိမ်ပြည့်စုံခြင်း (၂) အခြံအရံပြည့်စုံခြင်းဟူသော အကျိုးနှစ်ရပ် ခံစားရသည့်တရားကို ကြားနာရ၍ အလွန်နှစ်သက်လျက်ရှိသည်။ ထို့ကြောင့် ၎င်းသည် ဘုရားရှင်အား “မနက်ဖြန် ရဟန်းအပေါင်းနှင့် တပည့်တော်တို့ အလှူဆွမ်းကို အလှူခံတော်မူပါဘုရား”ဟု ပင့်ဖိတ်လျှောက်ထားလေသည်။

၎င်းသည် ဘုရားနှင့်တကွသော ရဟန်းတော်တို့ကို ယာဂုဆွမ်းပင့်ဖိတ်ပြီးဖြစ်၍ မိမိအလှူလုပ်သကဲ့သို့ တစ်ပါးသူတို့အားလှူရန် တိုက်တွန်းဆိုသည့် တရားအတိုင်း အိမ်စဉ်လှည့်၍ “အမိ အဘတို့ဖြစ်ကြသော ပြည်သူအပေါင်းတို့ ကျွန်ုပ်သည် မနက်ဖြန် ဘုရားရှင်နှင့်တကွ ရဟန်းအပေါင်းတို့အား ဆွမ်းယာဂု ကပ်လှူမည်ဖြစ်၍ တတ်အားသမျှ ပေးလှူကြပါလော့။ တစ်နေရာတည်း ချက်ပြုတ်၍ လှူဒါန်းကြပါကုန်အံ့”ဟု နိဗ္ဗာန်ဆော်လုပ်၍ ကြွေးကြော်လေသည်။

ထိုသို့ နှိုးဆော်ကြွေးကြော်သည်ကို သာဝတ္ထိမှ သူဌေး ဗိဠာလပါဒကမည်သော ပုဂ္ဂိုလ်ကြားလေသည်။ ထိုသူဌေးက ဤလူငယ်သည် မိမိတတ်နိုင်သမျှမလှူဒါန်းဘဲ အခြားသူများထံသို့ အလှူခံသည်ကို မကျေနပ်ဒေါသဖြစ်နေသည်။ ထို့ကြောင့် သူဌေးက ၎င်းအား “သင့်ခွက်ကို ကျွန်ုပ်ထံသို့ယူခဲ့”ဟုဆိုကာ လက်သုံးချောင်းဖြင့် ဆန်ကိုယူ၍ ထောပတ်၊ တင်လဲ စသည်တို့ကို နည်းနည်းစီမျှ၍ ၎င်းယူလာသောခွက်သို့ ထည့်လှူလိုက်လေသည်။

ထိုနိဗ္ဗာန်ဆော်လူငယ်သည် အခြားသူများက ပြည်တောင်း စသည်တို့ဖြင့် လှူကြသည်။ ယင်းလှူသောပစ္စည်းများကို စုပေါင်းထည့်၍ သူဌေးလှူသောပစ္စည်းကိုမူ သီးခြားထားလေသည်။ ယင်းသို့ လူငယ်ပြုလုပ်သည်ကို သူဌေးမြင်သောအခါ သူဌေးသည် သူ့ကျွန်ယုံတစ်ဦးအား ထိုလူငယ်လုပ်သမျှသွား၍မှတ်ပြီး သူ့အား ပြန်ပြောရန် စေလွှတ်လိုက်လေသည်။ နိဗ္ဗာန်ဆော်သည် သူဌေးလှူသောအလှူကို အကျိုးများစေခြင်းအကျိုးငှာ အများလှူဒါန်းထားသည့် ယာဂုဆွမ်းများထဲသို့ အနည်းငယ်စီကို သူဌေးလှူသော ပစ္စည်းများ အနှံ့ထည့်စေပါသည်။ ယင်းသို့လုပ်သည်ကို သူဌေး လွှတ်လိုက်သော ကျွန်ယုံမြင်သည်ရှိသော် ထိုအကြောင်းကို သူဌေးအား ပြန်ပြောလေသည်။

သူဌေးက ဤနိဗ္ဗာန်ဆော်သည် ပရိသတ်အလယ်၌ သူ့အားအရှက်ခွဲလျှင် သတ်အံ့ဟုကြံလျက် ပုဆိုးကြားထဲတွင် ဓားကိုဝှက်၍ နောက်တစ်နေ့ နံနက် ဆွမ်းကျွေးရာအရပ်သို့ သွားလေသည်။ နိဗ္ဗာန်ဆော်သည် ဘုရားအမှူးပြု၍ သံဃာအပေါင်းတို့အား ဆွမ်းခဲဖွယ်ဘောဇဉ်များ ကပ်ပြီးသောအခါ ဤသို့ ဘုရားထံတွင် ဆုတောင်းလေသည်။ “မြတ်စွာဘုရား တပည့်တော်သည် လူအများကို တိုက်တွန်းနှိုးဆော်၍ ဤအလှူကိုလှူဒါန်းပါ၏။ ယင်းသို့လှူရာ၌ လူအများ တတ်နိုင်သလောက် ဆန် စသည်တို့ကို အများလည်းဖြစ်၊ အနည်းလည်းဖြစ် လှူဒါန်းကြပါ၏။ ထိုသို့ အလုံးစုံသော အလှူရှင်တို့အား အကျိုးထူး၊ အကျိုးမြတ်ဖြစ်ပါစေ ဘုရား”ဟု လျှောက်ထားလေသည်။ (ဆက်လက်ဖော်ပြပါမည်)

## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူဒို(အမျိုးသား / အမျိုးသမီး)ပြိုင်ပွဲများ ဆက်လက်ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၀**

အားကစားရေးရာ ဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဂျူဒိုပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း အားကစားရုံ (C)၌ကျင်းပရာ တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူဒိုပြိုင်ပွဲအတိုက်ပွဲစဉ်များအဖြစ် အမျိုးသား (-၄၂၊ -၅၀၊ -၅၅၊- ၆၀) ကီလိုတန်းပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များ၊ အမျိုးသမီး (-၄၂၊ -၅၂၊ -၆၃) ကီလိုတန်းပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ခဲ့သည်။

အမျိုးသား (-၄၂၊ -၅၀၊ -၅၅၊ - ၆၀) ကီလိုတန်းပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် (-၄၂) ကီလိုတန်းပြိုင်ပွဲ ပွဲစဉ်တွင် မင်းခန့်ကျော် (ကရင်)နှင့် ဝေယံလင်း(ရန်ကုန်) တို့ ယှဉ်ပြိုင်ခဲ့ရာ ဝေယံလင်း (ရန်ကုန်)က မင်းခန့်ကျော်(ကရင်) ကိုလည်းကောင်း၊ (-၅၀) ကီလိုတန်း ပြိုင်ပွဲ ပွဲစဉ်တွင် ခိုင်ခန့်(ရန်ကုန်) နှင့် စောလင်းလက်ကြယ်စင် (ကရင်)တို့ ယှဉ်ပြိုင်ခဲ့ရာ ခိုင်ခန့် (ရန်ကုန်)က စောလင်းလက်ကြယ်စင် (ကရင်) ကို လည်းကောင်း၊ (-၅၅) ကီလိုတန်းပြိုင်ပွဲ ပွဲစဉ်တွင် ဖြိုးမာန်နိုင်(ကယား) နှင့် ဇော်မျိုးထက် (မန္တလေး)တို့ ယှဉ်ပြိုင်ခဲ့ရာ ဖြိုးမာန်နိုင်(ကယား) က ဇော်မျိုးထက် (မန္တလေး) ကို လည်းကောင်း၊ (-၆၀) ကီလိုတန်း ပြိုင်ပွဲ ပွဲစဉ်တွင် နိုင်ဟိန်းထက် (မန္တလေး)နှင့် ဝေလင်းထွေး (ရော်ဝတီ)တို့ ယှဉ်ပြိုင်ခဲ့ရာ ဝေလင်းထွေး (ရော်ဝတီ) က နိုင်ဟိန်းထက်(မန္တလေး)ကိုလည်း ကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသမီး (-၄၂၊ -၅၂၊ -၅၇၊ -၆၃) ကီလိုတန်းပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် (-၄၂) ကီလိုတန်းပြိုင်ပွဲ ပွဲစဉ်တွင် ကြည်လဲ့လဲ့ထွန်း (ရှမ်း) နှင့် အိချစ်ဆုစံ(ရန်ကုန်)တို့ ယှဉ်ပြိုင်ခဲ့ရာ အိချစ်ဆုစံ (ရန်ကုန်)က ကြည်လဲ့လဲ့ထွန်း(ရှမ်း)ကိုလည်း ကောင်း၊ (-၅၂) ကီလိုတန်းပြိုင်ပွဲ ပွဲစဉ်တွင် သဇင်ဖြိုး(ကချင်)နှင့် နှင်းဝတ်မှုံလွင် (ဧရာဝတီ)တို့ ယှဉ်ပြိုင်ခဲ့ရာ နှင်းဝတ်မှုံလွင် (ဧရာဝတီ)က သဇင်ဖြိုး (ကချင်) ကိုလည်းကောင်း၊ (-၅၇) ကီလိုတန်း ပြိုင်ပွဲ ပွဲစဉ်တွင် နန်းမိုးပွင့်ဖြူ (ကရင်)နှင့် ဘမ်းတောင် (ကချင်) တို့ ယှဉ်ပြိုင်ခဲ့ရာ ဘမ်းတောင် (ကချင်)က နန်းမိုးပွင့်ဖြူ (ကရင်) ကိုလည်းကောင်း၊ (-၆၃) ကီလိုတန်း ပြိုင်ပွဲ ပွဲစဉ်တွင် သီတာအောင် (ပဲခူး)နှင့် စန္ဒာဝင်း(ချင်း)တို့ ယှဉ်ပြိုင်ခဲ့ရာ စန္ဒာဝင်း(ချင်း)က သီတာအောင်(ပဲခူး)ကို လည်း ကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက် ကျင်းပရာ အမျိုးသမီး (-၅၇) ကီလိုတန်းပြိုင်ပွဲတွင် ပထမဆု ရရှိသည့် ဘမ်းတောင်(ကချင်)၊ ဒုတိယဆုရရှိသည့် နန်းမိုးပွင့်ဖြူ (ကရင်)၊ တတိယဆုရရှိသည့် ခင်ထွေးထွေးအောင် (မန္တလေး) နှင့် ပူးတွဲတတိယဆုရရှိသည့် ငွေအိမ်စံ (ရှမ်း)တို့အား မြန်မာ နိုင်ငံ ဂျူဒိုအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဦးမောင်မောင် ထွေးဦးက လည်းကောင်း၊ အမျိုးသမီး (-၆၃) ကီလိုတန်း ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စန္ဒာဝင်း(ချင်း)၊ ဒုတိယဆုရရှိသည့် သီတာအောင်(ပဲခူး)၊ တတိယဆု ရရှိသည့် ခိုင်ဇင်ထက်(မန္တလေး) နှင့် ပူးတွဲတတိယဆုရရှိသည့် နန်းနုနုခေါင်(ရှမ်း)တို့အား မြန်မာ နိုင်ငံဂျူဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဦးခိုင်က လည်းကောင်း၊ အမျိုးသား (-၅၅) ကီလိုတန်း ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဖြိုးမာန်နိုင်(ကယား)၊ ဒုတိယဆု ရရှိသည့် ဇော်ဖြိုးထက် (မန္တလေး)၊ တတိယဆုရရှိသည့် မင်းဇော်ဟိန်း (ရခိုင်)နှင့် ပူးတွဲတတိယဆုရရှိသည့် ခွန်နေလင်းအောင် (ရှမ်း) တို့အား မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်း၏ဇနီး ဒေါ်ဝေဝေက လည်းကောင်း၊ အမျိုးသား (-၆၀) ကီလိုတန်းပြိုင်ပွဲတွင် ပထမဆု ရရှိသည့် ဝေလင်းထွေး (ဧရာဝတီ)၊ ဒုတိယဆုရရှိသည့် နိုင်ဟိန်းထက် (မန္တလေး)၊ တတိယဆုရရှိသည့် တင်မိုး(နေပြည်တော်)နှင့် ပူးတွဲ တတိယဆုရရှိသည့် ဟိန်းဆက် (ကယား)တို့အားမြန်မာနိုင်ငံ ဂျူဒို အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်းက လည်းကောင်း တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆု များကို ပေးအပ်ချီးမြှင့်ခဲ့သည်။

စက်တင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီမှစတင်၍ တိုင်းဒေသကြီး နှင့် ပြည်နယ်ဂျူဒိုပြိုင်ပွဲ Mix Team အသင်းလိုက် အတိုက်ရှုံးထွက် ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား (+၆၃၊ -၆၀၊ -၇၃) ကီလိုတန်းပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များ၊ တတိယလုပွဲ ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ဆက်လက် ယှဉ်ပြိုင်သွားမည် ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ပါကြောင်းနှင့် အဆိုပါ ဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရုပ်သံလိုင်းများ ဖြစ်သည့် MRTV HD၊ MRTV Sports Channel နှင့် MRTV Entertainment တို့တွင် တိုက်ရိုက် (Live) ထုတ်လွှင့်ပြသသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတပ်ဖွဲ့စုမှူးရဲမှူး ဆန်းထွန်းအောင်နှင့် ပေပင်လေးအမြန်လမ်းမကြီးရဲစခန်းမှ စခန်းမှူး ရဲအုပ်မင်းအောင်တို့ ဦးစီးသော တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များသည် ပေပင်လေး ရွာဦးဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ စက်တင်ဘာ ၁၀ ရက်က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ချမ်းသာ(မိတ္ထီလာ)

## ဇီးကုန်းမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းများ ဖွင့်လှစ်

**ဇီးကုန်း စက်တင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် ဥပဒေရုံးနှင့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်းဖွင့်လှစ်သော ဥပဒေအသိပညာပေး ဆင့်ပွားသင်တန်းများကို စက်တင်ဘာ ၇၊ ၈၊ ၉ ရက်တို့တွင် မြောက်လွတ်ကုန်းကျေးရွာ၊ လယ်မကျေးရွာ၊ အမှတ် (၁)၊ (၂)၊ (၃)၊ (၄)၊ (၅) ရပ်ကွက်တို့၌ ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းများတွင် ဆရာဖြစ်သင်တန်းဆင်း (ToT) ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက သင်တန်းသား စုစုပေါင်း ၄၂၀ ကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီး၊ လောင်းကစား ဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ၊ ပြည်သူ့စစ်မှုထမ်းဥပဒေတို့ကို ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## တပ်ကုန်းမြို့ ရေအေးကျေးရွာတွင် အရန်အကြို အခြေခံမီးသတ်ပညာသင်တန်းဖွင့်

**တပ်ကုန်း စက်တင်ဘာ ၁၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တပ်ကုန်းမြို့နယ် ရေအေးကျေးရွာတွင် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ရေအေးကျေးရွာရပ်မိရပ်ဖတို့ ပူးပေါင်းဖွင့်လှစ်သည့် အရန်အကြိုအခြေခံမီးသတ်ပညာသင်တန်းကို စက်တင်ဘာ ၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ အခြေခံပညာကျောင်း(ဟောင်း)ဝင်း၌ ကျင်းပသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၂၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ စက်တင်ဘာ ၇ ရက်မှ ၂၅ ရက်အထိ သင်တန်းနည်းပြဆရာငါးဦးဖြင့် အခြေခံမီးသတ်ပညာရပ်များကို စာတွေ့၊ လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **တင်စိုးလွင်**

## အင်းစိန်မြို့နယ်၌ ငှက်ပျောပင်များ စုပေါင်းစိုက်ပျိုး

**အင်းစိန် စက်တင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အမှတ်(၁၀) အခြေခံပညာ မူလတန်းကျောင်း(အင်းစိန်)တွင် တစ်သျှူးငှက်ပျောဖီးကြမ်းနှင့် အခွံဝါသီးမွှေးငှက်ပျောပင်များ စုပေါင်းစိုက်ပျိုးပွဲကို စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက ပြုလုပ်သည်။

အဆိုပါအခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက တက်ရောက်လာသူများအား ပျိုးပင်များပေးအပ်ပြီး စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ထွန်းလင်းကျော်(ပြန်/ဆက်)**



## ကျုံပျော်မြို့နယ်၌ သမဝါယမအသင်းစုလီမိတက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်အဖွဲ့သစ် ရွေးချယ်ပွဲပြုလုပ်

**ကျုံပျော် စက်တင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲကို ယနေ့ နံနက်ပိုင်းက ကျုံပျော်မြို့နယ် သမဝါယမဦးစီးဌာန၌ ကျင်းပသည်။

ဦးစွာ သမဝါယမအသင်းစုဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်နှင့် မြို့နယ် သမဝါယမဦးစီးအရာရှိတို့က အမှာစကားများ ပြောကြားကြသည်။ ထို့နောက် အသင်းအမှုဆောင်များက အစီရင်ခံစာများ၊ ဘဏ္ဍာရေး ရှင်းတမ်းများ ဖတ်ကြားရှင်းလင်း၍ အသင်းဝင်ကိုယ်စားလှယ်များ၏ အတည်ပြုချက်ရယူသည်။

ယင်းနောက် တိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အမှုဆောင်သစ်များ ပြန်လည်ရွေးချယ်ခြင်း၊ တာဝန်ခွဲဝေသတ်မှတ်ခြင်း၊ ကတိသစ္စာခံယူခြင်းတို့ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**





## ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် လီမိတက် လုပ်ငန်းညှိနှိုင်းစည်းဝေး

ပုသိမ် စက်တင်ဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ဖွဲ့စည်းပြီး သမဝါယမအသင်းများအား ကျစ်လျစ်ခိုင်မာသော သမဝါယမအသင်းများအဖြစ် ပြန်လည်ဖွဲ့စည်းရေး၊ မြို့နယ်သမဝါယမအသင်းစုများနှင့် အသင်းစုချုပ်တို့၏ ပေးရန်၊ ရရန်များ ရှင်းလင်းရေးတို့နှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၉ ရက်က တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်လီမိတက် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက အမှာစကားပြောကြားပြီး အသင်းစုချုပ် အုပ်ချုပ်မှုဒါရိုက်တာက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ ရှင်းလင်းတင်ပြ၍ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌများက သမဝါယမအသင်းများ ဖွဲ့စည်းရေး၊ စနစ်ကျသော စိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများ ဆွေးနွေးတင်ပြချက်များအပေါ် တိုင်းဒေသကြီးဦးစီးမှူးက ဖြည့်စွက်ဆွေးနွေးပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## ပခုက္ကူမြို့နယ်၌ ဝါစိုက်တောင်သူများအား သွင်းအားစုမြေဩဇာ ပေးအပ်

ပခုက္ကူ စက်တင်ဘာ ၁၀

မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ချည်မျှင်ရှည်ဝါသီးနှံဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် ပခုက္ကူမြို့နယ်အတွင်းရှိဝါစိုက်တောင်သူများအား သွင်းအားစုမြေဩဇာပေးအပ်ပွဲကို စက်တင်ဘာ ၉ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ ပခုက္ကူခရိုင်စိုက်ပျိုးရေးဦးစီးမှူးက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက သွင်းအားစုမြေဩဇာများ ပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပခုက္ကူမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ငါးအုပ်စုမှ တောင်သူ ၈၂ ဦး၏ ချည်မျှင်ရှည်ဝါစိုက်ဧရိယာ ၄၅၁ ဧကအတွက် ကွန်ပေါင်းမြေဩဇာ ၅၆ အိတ်ကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

## သန်လျင်မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၁၀

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ)သင်တန်း (၁/၂၀၁၆) ဖွင့်ပွဲကို စက်တင်ဘာ ၇ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ သန်လျင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်က အမှာစကားပြောကြားပြီး သင်တန်းသားများအား အရန်မီးသတ်ဝတ်စုံများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရန်မျိုးအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးလေးတို့က တပ်ဖွဲ့တာဝန်ရှိသူများအား ပေးအပ်ကြကြောင်း သိရသည်။

သန်းဝင်း(သန်လျင်)

## ရန်ကုန်တိုင်းဒေသကြီးအတွင်း ကြက်ဥထုတ်လုပ်မှုဖူလုံစေရေး တိုးချဲ့မွေးမြူဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၁၀



ရန်ကုန်တိုင်းဒေသကြီးအတွင်း ကြက်သားထုတ်လုပ်မှု ဖူလုံပြီး ကြက်ဥထုတ်လုပ်မှု ဖူလုံစေရန် တိုးချဲ့မွေးမြူမှုကို မွေးမြူရေးတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ သိရသည်။

မြို့ပြဖွံ့ဖြိုးမှုကြောင့် တိုးပွားလာသော လူဦးရေနှင့်အညီ စားရေရိက္ခာ ဖူလုံရေးအတွက် မွေးမြူရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်မှုအဖြစ် ရန်ကုန်တိုင်းဒေသကြီး အစိုးရမှ ညောင်နှစ်ပင်၊ တိုက်ကြီး၊ တွံတေးနှင့် ကော့မှူးမြို့နယ်များ၌ မွေးမြူရေးဇုန်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရာ မှော်ဘီနှင့် လှည်းကူးမြို့နယ် ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးဇုန်မှ ကြက်ဥနှင့် ကြက်သားကို အများဆုံး မွေးမြူထုတ်လုပ်လျက်ရှိသည်။

ထိုသို့မွေးမြူ ထုတ်လုပ်လျက်ရှိရာ မှော်ဘီမြို့နယ် ချောကုန်းကျေးရွာနှင့် ဖူးကြီးကျေးရွာရှိ Crystal Diamond အသားစားနှင့် ဥစားကြက်မွေးမြူရေးခြံ၌ အလုပ်သမားဦးရေ ၄၀၀ ကျော်ဖြင့် ဥစားကြက်ကောင်ရေ နှစ်သိန်းကျော်၊ အသားတိုး ကြက်ကောင်ရေ ခုနစ်သိန်းခန့်ဖြင့် နေ့စဉ် ကြက်ဥလုံးရေ ၁၈၀၀၀၀ ကျော်၊ ကြက်သားပိဿာ ၂၀၀၀၀ ကျော် ထုတ်လုပ်၍ ရန်ကုန်မြို့ စားသုံးသူဈေးကွက်သို့ ဖြန့်ချိပေးလျက်ရှိပြီး အလားတူ မြို့နယ်ပေါင်း ၁၄ မြို့နယ်မှ ကြက်မွေးမြူရေးခြံများမှလည်း ကြက်ဥနှင့် ကြက်သားများကို ထုတ်လုပ်လျက်ရှိသည်။

"ရန်ကုန် တိုင်းဒေသကြီးအတွင်းမှာ ကြက်သား၊ ကြက်ဥ စားသုံးမှု လိုအပ်ချက်နဲ့အညီ တိုးချဲ့ မွေးမြူထုတ်လုပ်နေတာရှိပါတယ်။ မွေးမြူထုတ်လုပ်နေသူတွေကိုလည်း ကျန်းမာရေးနဲ့အညီ စားသုံးနိုင်အောင် အစာကို ဂရုပြုကျွေးမွေးဖို့နဲ့ ကိုယ်တိုင်အစာထုတ်လုပ်တဲ့ မွေးမြူရေးလုပ်ငန်းတွေကလည်း ပြည်တွင်းထွက် ကုန်ကြမ်းတွေကိုပဲ အသုံးပြုသွားဖို့ တိုက်တွန်းထားပါတယ်။ ဒါမှသာ အစာကောင်းရင် တိရစ္ဆာန်ကောင်းပြီး တိရစ္ဆာန်ကောင်းမှသာ ထုတ်လုပ်မှုကောင်းစေတဲ့အတွက် စားသုံးတဲ့သူတွေအနေနဲ့လည်း ကျန်းမာရေးညီညွတ်စေမှာ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာ နေ့စဉ်ကြက်သားစားသုံးမှု ဖူလုံပေမယ့် ကြက်ဥစားသုံးမှု လိုအပ်နေသေးတဲ့အတွက် ဥစားကြက်မွေးမြူရေးကို တိုးချဲ့မွေးမြူနိုင်ဖို့ မွေးမြူရေးခြံတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာအောင်မြင့်ဟန်က ပြောသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ကြက်မွေးမြူရေးခြံများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး၍မိုးအကုန်ဆောင်းအကူး၌ ဆောင်းခိုငှက်များ လာရောက်ရာမှ ကြက်များထိခိုက်မှုမရှိစေရန် ဇီဝလုံခြုံမှုကို အထူးဂရုပြုနိုင်ရန်နှင့် ခြံဖျန်းပိုးသတ်ဆေးများကို အနည်းဆုံး တစ်ပတ်လျှင် တစ်ကြိမ် ပက်ဖျန်းပေးရန် တိုက်တွန်းနှိုးဆော်ထားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း စီးပွားဖြစ် ဥစားကြက်ခြံပေါင်း ၃၂၆ ခြံ၌ ဥစားကြက် ၂၉ သိန်းကျော်၊ အသားစားကြက်ခြံ ၁၂၈၂ ခြံ၌ အသားတိုးကြက် ၆၆ သိန်းကျော်၊ ဒေသကြက် ၂၃ သိန်းကျော်ဖြင့် စုစုပေါင်းကြက်ကောင်ရေ ၁၁၈ သိန်းကျော် မွေးမြူထားရှိပြီး စားရေရိက္ခာဖူလုံမှုအဖြစ် ကြက်ဥနှင့် ကြက်သားများကို နေ့စဉ်ဖြန့်ဖြူးရောင်းချပေးနေကြောင်း သိရသည်။

ဥသာ

ဓာတ်ပုံ - ကိုလွင်

## ပန်းတောင်းမြို့နယ်၌ စနစ်တကျမွေးမြူရေးလုပ်ငန်း ကွင်းဆင်းကြည့်ရှု

ပန်းတောင်း စက်တင်ဘာ ၁၀



သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ချောစုလှိုင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ပန်းတောင်းမြို့နယ်အတွင်း သမဝါယမကဏ္ဍမှ တိုင်းဒေသကြီးနိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် ပံ့ပိုးငွေကျပ် ၁၁၆ သန်းရယူပြီး အသင်းလေးသင်းမှ အသင်းသား ၁၉ ဦး၏ ဆိတ်ကောင်ရေ ၅၈၀ မွေးမြူထားရှိမှု အနက် တောင်ပို့ကွင်းကျေးရွာ တက်လူလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းမှ အစုအဖွဲ့စနစ်ဖြင့် စနစ်တကျ စုပေါင်းမွေးမြူထားသည့် ဆိတ်ကောင်ရေ ၁၀၀ မွေးမြူထားရှိမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုပြီး တိုင်းဒေသကြီး ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်အဆင်သင့်ဖြစ်မှု မြှင့်တင်ရေး ဆင့်ပွားသင်တန်းဖွင့်



ပြင်ဦးလွင် စက်တင်ဘာ ၁၀

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်အဆင်သင့်ဖြစ်မှုမြှင့်တင်ရေး မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာ ခရိုင်ပညာရေးမှူး ဦးကျော်ကျော်မွန်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါက်တာမြတ်စိုးမိုးက သင်တန်းနှင့်ပတ်သက်သည့် စည်းကမ်းချက်များနှင့် ယူနီဆက်မှ တာဝန်ရှိသူတစ်ဦးက သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို သင်တန်းကာလ သုံးရက်ကြာ စာတွေ့၊ လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ရာ သင်တန်းသား ၄၀ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

- ❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- ❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

## အမေရိကန် နည်းပညာကုမ္ပဏီ Apple က ၎င်း၏ ပထမဆုံးသော ခေါက်သိမ်းနိုင်သည့် စမတ်ဖုန်းကို ဈေးကွက်ထဲသို့ စတင် မိတ်ဆက်

**ဝါရှင်တန် စက်တင်ဘာ ၁၀**

အမေရိကန် နည်းပညာကုမ္ပဏီ Apple က ၎င်း၏ ပထမဆုံးသော ခေါက်သိမ်းနိုင်သည့် စမတ်ဖုန်းကို ဈေးကွက်ထဲသို့ ယမန်နေ့က စတင်မိတ်ဆက်ခဲ့ကြောင်း သိရသည်။



iPhone Duo ဟု အမည်ပေးထားသော အဆိုပါ ခေါက်သိမ်းနိုင်သည့်ဖုန်းတွင် ၇ ဒသမ ၆ လက်မ အရွယ်အစားရှိ မျက်နှာပြင်ကြီး တစ်ခု ပါဝင်ပြီး ဈေးနှုန်းမှာလည်း မြင့်မားကြောင်း သိရသည်။

Apple ကုမ္ပဏီက ကယ်လီဖိုးနီးယားပြည်နယ်ရှိ ၎င်း၏ ရုံးချုပ်တွင် အဆိုပါဖုန်းအသစ်များကို မိတ်ဆက်ပြသခဲ့သည်။

iPhone Duo ကို ခေါက်သိမ်းလိုက်ပါက နိုင်ငံကူးလက်မှတ်တစ်အုပ်ခန့်သာရှိသော အရွယ်အစားအထိ သေးငယ်သွားမည်ဖြစ်သည်။ ၎င်းဖုန်းသည် ဗီဒီယိုနှင့် ဆိုရှယ်မီဒီယာ ကဲ့သို့သော အက်ပလီကေးရှင်းအမျိုးမျိုးကို တစ်ပြိုင်နက်တည်း ပြသနိုင်စွမ်းရှိသည်။

အကြောင်းအရာများ ကြည့်ရှုခြင်း၊ ဂိမ်းကစားခြင်းနှင့် လုပ်ငန်းတာဝန်များစွာကို တစ်ပြိုင်နက်တည်း လုပ်ဆောင်ခြင်းတို့အတွက် မျက်နှာပြင် ကြီးမားမှုသည် ကောင်းမွန်ကြောင်း ကုမ္ပဏီက ပြောကြားခဲ့သည်။

အဆိုပါဖုန်းအတွက် ကြိုတင်မှာယူမှုများကို အောက်တိုဘာ ၁၆ ရက်တွင် စတင်မည်ဖြစ်ပြီး အောက်တိုဘာ ၂၃ ရက်တွင် စတင်ရောင်းချမည်ဖြစ်သည်။ ဂျပန်နိုင်ငံတွင် အခွန်နှုန်းထားအပါအဝင် ဈေးနှုန်းမှာ ယန်း ၃၆၄၈၀၀ (အမေရိကန်ဒေါ်လာ ၂၄၀၀ ခန့်) မှ စတင် ဝယ်ယူနိုင်မည်ဖြစ်သည်။

ခေါက်သိမ်းနိုင်သည့် စမတ်ဖုန်းဈေးကွက်တွင် ယှဉ်ပြိုင်မှုများ မြင့်တက်လျက်ရှိသည်။

ဆမ်ဆောင်း၊ဟွာဝေးနှင့် ဂူဂဲလ် နည်းပညာကုမ္ပဏီတို့က ခေါက်သိမ်းနိုင်သည့် ဖုန်းမော်ဒယ်များကို ထုတ်လုပ်ရောင်းချပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

## အင်ဒိုနီးရှားနိုင်ငံ၌ မီးတောင်ပေါက်ကွဲမှုကြောင့် ဝန်ဆောင်မှုယာယီရပ်ဆိုင်းထားသည့် လေဆိပ်များ ပြန်လည် လည်ပတ်လျက်ရှိ

**ဂျကာတာ စက်တင်ဘာ ၁၀**

အင်ဒိုနီးရှားနိုင်ငံ၌ မီးတောင်ပေါက်ကွဲမှုကြောင့် ဝန်ဆောင်မှုယာယီရပ်ဆိုင်းထားသည့် လေဆိပ်များ ယနေ့ ပြန်လည် စတင်လည်ပတ်လျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

မီးတောင်ပေါက်ကွဲမှုကြောင့် လေဆိပ် ရှစ်ခုတွင် လေကြောင်းဝန်ဆောင်မှုများ ရပ်ဆိုင်းထားခဲ့ရသော်လည်း ယခုအခါ ၎င်းတို့အားလုံး ပြန်လည်လည်ပတ်နေပြီဖြစ်ကြောင်း သိရသည်။ အာနက်ခ် ကရာကာတောင် မီးတောင်သည် ဂျာဗား နှင့် ဆူမတြား ကျွန်းများအကြားရှိ ဆွန်ဒါရေလက်ကြားတွင် တည်ရှိပြီး စက်တင်ဘာ ၄ ရက်က စတင်ပေါက်ကွဲခဲ့ခြင်း ဖြစ်သည်။

ဂျကာတာ မြို့အနီးရှိ ဆူကာနို-ဟတ္တာ နိုင်ငံတကာလေဆိပ်နှင့် အခြားလေဆိပ် ခုနစ်ခုတို့သည် စက်တင်ဘာ ၈ ရက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့ပြီဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

စက်တင်ဘာ ၇ ရက်အထိ စာရင်းများအရ လေယာဉ်ခရီးစဉ်ပေါင်း ၂၈၀၀ ကျော်နှင့် ခရီးသည် ၃၄၀၀၀၀ ခန့်မှာ လေဆိပ်များ၌ သောင်တင်ခဲ့ကြောင်း သိရသည်။ မီးတောင်ပေါက်ကွဲမှုများမှာ ယခု အချိန်အထိ ရံဖန်ရံခါ ဖြစ်ပွားနေဆဲဖြစ်ပြီး ဒေသခံတာဝန်ရှိသူများက ပြည်သူများအား မီးတောင်အနီးသို့ မသွားရောက်ကြရန် တိုက်တွန်းထားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်**



## အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ်၌ ရေကြီးရေလျှံမှုဖြစ်ပွား၊ ဒေသခံ ၄သန်းကျော်ထိခိုက်ခံစားခဲ့ရ

**နယူးဒေလီ စက်တင်ဘာ ၁၀**

အိန္ဒိယနိုင်ငံ အရှေ့ပိုင်း ဘီဟာပြည်နယ်တွင် ရေကြီးရေလျှံမှုများဖြစ်ပွားသဖြင့်ဒေသခံ ၄ ဒသမ ၁၄ သန်း ထိခိုက်ခံစားခဲ့ရကြောင်း တာဝန်ရှိသူများက စက်တင်ဘာ ၁၀ရက်တွင် ပြောကြားသည်။

ပြည်နယ်အတွင်းရှိ ခရိုင် ၁၄ ခရိုင်တွင်ရေကြီးရေလျှံမှုများဖြစ်ပွားနေပြီး ဒေသအတွင်းရှိ မြစ်အများအပြားမှာ စိုးရိမ်ရေမှတ်ထက်ကျော်လွန်နေကြောင်း သိရသည်။ ပြီးခဲ့သည့် ငါးရက်အတွင်း ပြည်နယ်အတွင်း၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ယခုရေကြီးရေလျှံမှုဖြစ်ရသည်ဟု တာဝန်ရှိသူများက ပြောကြားသည်။ ဒေသတွင်း လက်ရှိအချိန်တွင် ကယ်ဆယ်ရေးစခန်းများနှင့် ချက်ပြုတ်ရေးနေရာများကို ရေဘေးသင့်သူများအား ထားရှိရေးအတွက် ဆောင်ရွက်နေကြောင်းနှင့်ဆေးကုသရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်နေကြောင်း သိရသည်။သဘာဝဘေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် လှေရာပေါင်းများစွာဖြင့် ရေဘေးသင့်သူများအား ကယ်ဆယ်ရေး ဆောင်ရွက်နေကြောင်း သိရသည်။ ယခုသဘာဝဘေးအတွင်း အိမ်အရေအတွက် ရာပေါင်းများစွာထိခိုက်ပျက်စီးခဲ့ပြီး ကျေးလက်လမ်း ၇၀၀အား ရေလွှမ်းမိုးခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

## ဖိလစ်ပိုင် ခရီးသည်တင်သင်္ဘောတစ်စင်း မီးလောင်ခဲ့ရာ အနည်းဆုံး ငါး ဦး သေဆုံး၊ ၈၆ ဦး ပျောက်ဆုံး

**မနီလာ စက်တင်ဘာ ၁၀**

ဖိလစ်ပိုင်နိုင်ငံ အနောက်ဘက်ကမ်းလွန်ရေပြင်တွင် ခရီးသည်တင်သင်္ဘောတစ်စင်း မီးလောင်ခဲ့ရာ အနည်းဆုံး ငါး ဦး သေဆုံးပြီး ၈၆ ဦး ပျောက်ဆုံးခဲ့ကြောင်း သိရသည်။

မနီလာမြို့တော်မှ ထွက်ခွာလာသော အဆိုပါ ခရီးသည်တင်သင်္ဘောသည် အနောက်ပိုင်းပြည်နယ် ပါလာဝမ်ရှိ ကိုရွန် အပန်းဖြေကျွန်းအနီး ရေပြင်တွင် ခုတ်မောင်းသွားလာလျက်ရှိစဉ် ယခုကဲ့သို့ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားသည်။

ကမ်းခြေစောင့်တပ်ဖွဲ့၏ ရုပ်သံမှတ်တမ်းများတွင် သင်္ဘောတစ်စင်းလုံး မီးတောက်ကြီးများဖြင့် ပြည့်နှက်လျက်ရှိကြောင်း သိရသည်။

သင်္ဘောပေါ်တွင် ခရီးသည်ပေါင်း ၁၃၄ ဦး လိုက်ပါစီးနင်းခဲ့ပြီး လက်ရှိအချိန်အထိ ၄၃ ဦးကို ကယ်ဆယ်နိုင်ခဲ့ပြီ ဖြစ်သည်။

ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်လျက်ရှိသော်လည်း မိုးလေဝသ အခြေအနေ ဆိုးရွားခြင်းနှင့် ရေစီးသန်ခြင်းတို့ကြောင့် လုပ်ငန်းစဉ်များ အခက်အခဲဖြစ်ပေါ်လျက်ရှိကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**



## တရုတ်-လာအို ဆေးဘက်ဆိုင်ရာ ရှာဖွေကယ်ဆယ်ရေးလေ့ကျင့်ခန်း၌ ဒရုန်းယာဉ်များ၊ နည်းပညာမြင့်ကိရိယာများ အသုံးပြုလေ့ကျင့်

**ဗီယင်ကျန်း စက်တင်ဘာ ၁၀**

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်နှင့်လာအိုပြည်သူ့တပ်မတော်တို့မှ ဆေးတပ်ဖွဲ့ဝင်များဆောင်ရွက်သည့် The China-Laos “Peace Train-2026” ဟုအမည်ရသည့် ဆေးဘက်ဆိုင်ရာ ရှာဖွေကယ်ဆယ်ရေးလေ့ကျင့်ခန်းတွင် ဒရုန်းယာဉ်များနှင့် စက်ရုပ်ခွေးများဖြင့် လေ့ကျင့်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ လာအိုနိုင်ငံမြို့တော်ဗီယင်ကျန်း၌ ကျင်းပသည့် အဆိုပါလေ့ကျင့်မှုတွင် ဉာဏ်ရည်တုနည်းပညာသုံးပစ္စည်းကိရိယာများအား ရှာဖွေကယ်ဆယ်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများပေးပို့ရေးလုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် တပ်ဖွဲ့ဝင်များအား အကူအညီပေးနိုင်ရန် ဖြန့်ကြက်ထားရှိကာ လေ့ကျင့်ခဲ့ကြောင်းသိရသည်။ ဒရုန်းများ၊ မောင်းသူမဲ့ယာဉ်များနှင့် စက်ရုပ်ခွေးများကို သုံးစွဲခြင်းဖြင့် စစ်မြေပြင်တွင် လူသားတပ်ဖွဲ့ဝင်များမဝင်ရောက်နိုင်သည့် နေရာများအထိ ၎င်းတို့ကို စေလွှတ်နိုင်ပြီး ဆေးကုသရေးနှင့် ထောက်ပံ့ပစ္စည်းများ အချိန်မီပေးပို့နိုင်သည့် အားသာချက်များရှိကြောင်း တရုတ်ဆေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦးဖြစ်သူ ဇူ ချန်အိုက ပြောကြားသည်။



ယခုလေ့ကျင့်ခန်း၌ ရှေ့တန်းတွင် ထိခိုက်ဒဏ်ရာရရှိသူများအား ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ်ထောက်ပံ့ရေးပစ္စည်းများကို တိကျစွာပို့ဆောင်ပေးခြင်းအပါအဝင် ဆေးဘက်ဆိုင်ရာဌာနများတွင် ထိခိုက်ဒဏ်ရာရရှိသူများအား အလျင်အမြန်ပြောင်းရွှေ့ခြင်း၊နောက်ဆက်တွဲကုသမှုများဆောင်ရွက်ပေးခြင်း စသည်တို့ကို နှစ်ဖက်တပ်ဖွဲ့ဝင်များ လေ့ကျင့်ခဲ့သည်။

ယခုလေ့ကျင့်ခန်းကို ဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံမှ ဆေးတပ်ဖွဲ့အနေဖြင့် လူသားတပ်ဖွဲ့ဝင်များအစား ဉာဏ်ရည်တုနည်းပညာကို အသုံးပြုသည့် ဆေးဘက်ဆိုင်ရာကယ်ဆယ်ရေးတပ်ဖွဲ့၏ ပေါင်းစပ်စွမ်းရည်ကို ပြသနိုင်ခဲ့ကြောင်း တာဝန်ရှိသူချန်ပီဇန်က ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများကို အခြေချလုပ်ကိုင်၍ နာမည်ဆိုးဖြင့် ကျော်ကြားနေသည့် KK Park ၊ ရွှေကုက္ကိုလ်နှင့် ကျောက်ခက် ဒေသအတွင်း တပ်မတော်စစ်ကြောင်းများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၀

KNU၊ KNLA၊ DKBA၊ PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့များအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ငန်းများနှင့် တရားမဝင် ဒုစရိုက်လုပ်ငန်းများကို လွတ်လပ်စွာဖြင့် ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြဝတီ - သင်္ဃန်းညီနောင် - ကော့ကရိတ် အာရှလမ်းမကြီးနှင့် သင်္ဃန်းညီနောင်မြို့တို့အား ထိန်းချုပ်နိုင်ရေး ကြိုးပမ်းခဲ့ရာ သင်္ဃန်းညီနောင်မြို့ရှိ နယ်မြေခံတပ်ရင်းဌာနချုပ်များနှင့် ဌာနဆိုင်ရာ အဆောက်အအုံများကို အင်အားအလုံးအရင်းဖြင့် ၂၀၂၄ ခုနှစ် မတ် ၇ ရက်မှ ဧပြီ ၅ ရက်အထိ ၂၈ ရက်ကြာ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ဝင်ရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ထိုသို့ တိုက်ခိုက်ခဲ့မှုကြောင့် မြို့တွင်းရှိ ဌာနဆိုင်ရာ အဆောက်အအုံများနှင့် လူနေအိမ်များ မီးလောင်ပျက်စီးခဲ့ရပြီး ဒေသခံတိုင်းရင်းသားများအနေဖြင့် မိမိတို့၏ အဆောက်အအုံ၊ ပစ္စည်းများကို စွန့်ခွာ၍ ဘေးလွတ်ရာသို့ ယာယီနေရပ်စွန့်ခွာခဲ့ရကာ အကြမ်းဖက်အဖွဲ့များအနေဖြင့် ၂၀၂၄ ခုနှစ် ဧပြီ ၅ ရက်မှ စတင်ပြီး မြဝတီ- သင်္ဃန်းညီနောင် - ကော့ကရိတ် အာရှလမ်းမကြီးအား ပိတ်ဆို့မှုများ လုပ်ဆောင်ခဲ့သည်။

ထို့ပြင် အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွင် အဓိက အချက်အချာကျသည့် ဘားအံ - ကျုံဒိုး- ကော့ကရိတ်- မြဝတီ အာရှလမ်းမကြီးနှင့် ကော့ကရိတ်မြို့အား ထိန်းချုပ်ဖြတ်တောက်ရန်အတွက် ကျုံဒိုး- ကော့ကရိတ် လမ်းကြောင်းအားလည်းကောင်း၊ ကော့ကရိတ်- မြဝတီ လမ်းကြောင်းအားလည်းကောင်း လုံခြုံရေးတပ်ဖွဲ့ဝင်များဝင်ရောက်လာခြင်း မပြုလုပ်နိုင်ရေးအတွက် နှောင့်ယှက်ပိတ်ဆို့မှုများ ဆောင်ရွက်ခြင်း၊ ကျေးရွာများတွင် ပုန်းအောင်းနေထိုင်ပြီး အဖျက်အမှောင့်လုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်ခဲ့သည့်အပြင် လမ်းကြောင်းတစ်လျှောက် သွားလာလျက်ရှိသည့် မော်တော်ယာဉ်များအား အကြောင်းမဲ့ မိုင်းထောင်ဖောက်ခွဲ တိုက်ခိုက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ အဆိုပါလမ်းကြောင်းများပေါ်ရှိ ညီညာသာလင်းတံတား၊ (၅) တိုင်တံတား၊ ကော့နွဲ့တံတားအပါအဝင် အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် လမ်းတံတားများ မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခြင်း၊ အတားအဆီးများ ပြုလုပ်၍ လမ်းကြောင်း ပိတ်ဆို့ခြင်းများ လုပ်ဆောင်ခဲ့သဖြင့် ကုန်စည်စီးဆင်းမှု ရပ်တန့်သွားခဲ့ပြီး အဆိုပါဒေသရှိ ဒေသခံတိုင်းရင်းသားပြည်သူများသည် ကုန်ဈေးနှုန်းကြီးမြင့်မှုများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရကာ နေထိုင်စားသောက်ရေးတို့တွင် များစွာအခက်အခဲဖြစ်ပေါ်ခဲ့၍ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုများ နိမ့်ကျခဲ့ရသည့်အပြင် အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ ကြီးထွားလာစေခဲ့ပြီး နယ်မြေဒေသတည်ငြိမ်မှုအပေါ် များစွာထိခိုက်စေခဲ့သည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများအနေဖြင့် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ နှောင့်ယှက်ပိတ်ဆို့ထားသည့် လမ်းကြောင်းများအား ပြန်လည် ဖွင့်လှစ်နိုင်ရေးနှင့် မော်တော်ယာဉ်များ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲ အသုံးပြုနိုင်ရေးအတွက် ၂၀၂၅ ခုနှစ် ဧပြီ ၁၃ ရက်မှစ၍ ကျုံဒိုး-ကော့ကရိတ်ကြားတွင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်နေသည့် အကြမ်းဖက် သောင်းကျန်းသူများကို ရဲရဲဝံ့ဝံ့ချေမှုန်းခဲ့ရာ စစ်ဆင်ရေးကာလသုံးလကျော်အတွင်း အကြမ်းဖက် သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး/ငယ် ၉၂ ကြိမ်ဖြစ်ပွားခဲ့ပြီး ရန်သူထံမှအလောင်း ၁၇ လောင်း၊ လက်နက်မျိုးစုံ ၃၀ နှင့် ဆက်စပ်ပစ္စည်းများအား သိမ်းပိုက်ရရှိခဲ့ပြီး ၂၀၂၅ ခုနှစ် ဇူလိုင် ၂၄ ရက်တွင် ကျုံဒိုး- ကော့ကရိတ် လမ်းကြောင်း တစ်လျှောက်အား ပြန်လည် ထိန်းချုပ်ဖွင့်လှစ်နိုင်ခဲ့သည်။

အလားတူ တပ်မတော်စစ်ကြောင်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် သင်္ဃန်းညီနောင်မြို့နှင့် နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာအဆောက်အအုံများကို အကြမ်းဖက် သောင်းကျန်းသူများ၏ လက်သို့ ကျရောက်မှု မရှိစေရေးအတွက် မိမိအသက်ကို ပဓာနမထားဘဲ မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ရှုပ်ရှုပ်ချွံချွံ ခုခံတိုက်ခိုက်ခဲ့သည့်အတွက် အကြမ်းဖက် သောင်းကျန်းသူများသည် အထိအခိုက် အကျအဆုံးများပြီး ဖရိုဖရဲဖြင့် ပြန်လည်ဆုတ်ခွာသွားခဲ့ပြီး ၂၀၂၅ ခုနှစ် စက်တင်ဘာ ၆ ရက်တွင် မြဝတီ- သင်္ဃန်းညီနောင် - ကော့ကရိတ် အာရှလမ်းမကြီးအား ပြန်လည်ဖွင့်လှစ် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

တပ်မတော် စစ်ကြောင်းများအနေဖြင့် မြဝတီ - သင်္ဃန်းညီနောင် - ကော့ကရိတ် အာရှလမ်းမကြီးအား အပြည့်အဝ ပြန်လည် ထိန်းချုပ်ပြီးနောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ နယ်မြေလုံခြုံရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ မြဝတီမြို့၏အရှေ့တောင်ဘက် မီတာ ၄၈၀၀ ခန့်အကွာရှိ KK Park နယ်မြေအတွင်း အကြမ်းဖက် သောင်းကျန်းသူပူးပေါင်းအဖွဲ့များက အခကြေးငွေရယူပြီး ကာကွယ်ပေးထားသော တရားမဝင် အွန်လိုင်းလောင်းကစားလုပ်ငန်း လုပ်ကိုင်နေသည့် အဆောက်အအုံ ၆၃၅ လုံးနှင့်အတူ တရားမဝင် ပြည်ပနိုင်ငံသား အမျိုးသား ၁၀၈၈ ဦး၊ အမျိုးသမီး ၁၉၄ ဦး စုစုပေါင်း ၁၂၈၂ ဦးအား အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် အဆိုပါ တရားမဝင် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာ နိုင်ငံများသို့ ၎င်းတို့ဝင်ရောက်လာခဲ့သည့် ထိုင်းနိုင်ငံမှ တစ်ဆင့် စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများကို အဆိုပါဒေသတွင် ပြန်လည်အခြေချလုပ်ကိုင်မှု မရှိစေရေးနှင့် ဒုစရိုက်လုပ်ငန်းများ ထပ်မံဆောင်ရွက်နိုင်မှု မရှိစေရေးအတွက် အပိုင်းသုံးပိုင်းခွဲကာ စနစ်တကျ ဖောက်ခွဲဖျက်ဆီး၍လည်းကောင်း၊ ယာဉ်ယန္တရားများ အသုံးပြု၍လည်းကောင်း ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ရာနှုန်းပြည့် ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်သည်။

အလားတူ ကရင်ပြည်နယ် မြဝတီမြို့၏ အရှေ့မြောက်ဘက် မီတာ ၁၅၀၀၀ ခန့် အကွာ ရွှေကုက္ကိုလ် နယ်မြေအတွင်း၌လည်း အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက အခကြေးငွေရယူပြီး ကာကွယ်ပေးထားသော တရားမဝင် အွန်လိုင်းလောင်းကစားလုပ်ငန်း လုပ်ကိုင်ခဲ့သည့် အဆောက်အအုံ ၇၇ လုံးနှင့်အတူ တရားမဝင်ပြည်ပနိုင်ငံသား အမျိုးသား ၁၈၁၁ ဦး၊ အမျိုးသမီး ၂၆၄ ဦး စုစုပေါင်း ၂၀၇၅ ဦးအား ဖမ်းဆီးရမိခဲ့သဖြင့် **စာမျက်နှာ ၁၅ သို့ ⁜**



KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများ ဖြိုချဖျက်ဆီးခဲ့မှု။



တပ်မတော်စစ်ကြောင်းများက ကျောက်ခက်ဒေသရှိ အကြမ်းဖက်သောင်းကျန်းသူများ၏ ကျွန်း(၇)ပင် စခန်းအား သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက ကျောက်ခက်ဒေသရှိ အကြမ်းဖက်သောင်းကျန်းသူများ၏ အခြေပြုစခန်းအား သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် ကော့နွဲ့တံတား ပြုပြင်ဆောင်ရွက်ပြီးစီးမှုကိုတွေ့ရစဉ်။





အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် ရင်ကွဲတောင်အနီးရှိ အာရှလမ်းမကြီး (ဝဲပုံ)နှင့် ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှု (ယာပုံ)ကိုတွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် ကျွန်း(၇)ပင်တံတားအား ပြုပြင်ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။

# PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက တံတားဦးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ FPV suicide drone များဖြင့် တိုက်ခိုက်မှုအား လုံခြုံရေးတပ်ဖွဲ့များက ဟန့်တားနိုင်ခဲ့

**နေပြည်တော် စက်တင်ဘာ ၁၀**

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ပျက်စီးစေရန်၊ အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်၊ ဒေသ တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် ရည်ရွယ်၍ ဆင်ခြင်တုံတရား ကင်းမဲ့စွာဖြင့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများ၊ စာသင်ကျောင်းများ၊ ဆေးရုံများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ ရှော့တိုက်ဒုံးများဖြင့် အဝေးမှပစ်ခတ်ခြင်း၊ Drone များအသုံးပြု၍ Drop Bomb များ ပစ်ချတိုက်ခိုက်ခြင်းများကို ယုတ်မာရိုင်းစိုင်းစွာ ဆောင်ရွက်လျက်ရှိသည်။

**လူ၊ ယာဉ်နှင့် လေယာဉ်ပြေးလမ်းများ ထိခိုက်ပျက်စီးမှု မရှိ**

ယင်းအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်ရှိ အများပြည်သူ အသုံးပြုလျက်ရှိသည့် တံတားဦးအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် အနီးဝန်းကျင်နေရာများသို့ FPV Suicide Drone ခြောက်စင်းဖြင့် ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခဲ့ရာ လေကြောင်းလုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းရန် ကာကွယ်ရေးစနစ်များဖြင့် ထောက်လှမ်းသိရှိခဲ့ပြီး အဆိုပါ Drone ယာဉ်များအား Drone ရန် ကာကွယ်ရေး အစီအမံများဖြင့် ဟန့်တားနိုင်ခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက အများပြည်သူများ အန္တရာယ်ကင်းရှင်းစေရန်အတွက် Drone များတွင် ပါရှိသည့် ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများအား စနစ်တကျ သက်မဲ့ပြုလုပ်ခြင်းများ ဆောင်ရွက်ခဲ့သည်။ ထိုသို့ ပစ်ချတိုက်ခိုက်ခဲ့မှုကြောင့် ပြည်တွင်းလေကြောင်းလိုင်း ခရီးစဉ်အချို့ ခေတ္တရပ်ဆိုင်းခဲ့ရပြီး ဖြစ်စဉ်တွင် လူ၊ ယာဉ်နှင့် လေယာဉ်ပြေးလမ်းများ ထိခိုက်ပျက်စီးမှု မရှိခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ စစ်ရေးနှင့် မသက်ဆိုင်သော အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုသော လေကြောင်းပို့ဆောင်ရေးဖြစ်သည့် လေယာဉ်ကွင်းအား ရည်ရွယ်ချက်ရှိစွာဖြင့် တိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime)ကို ကျူးလွန်ခြင်းဖြစ်ပြီး ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များအပေါ် စက်ဆုပ်ရွံရှာစွာ ပိုင်းဝန်းကန့်ကွက်ရှုတ်ချလျက်ရှိသည်။ ထို့ကြောင့် ယခုကဲ့သို့ အဖျက်အမှောင့် လုပ်ရပ်များအား ရက်စက်ယုတ်မာစွာ ဆောင်ရွက်ခဲ့ကြသည့် အကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

✣ စာမျက်နှာ ၁၄ မှ

အဆိုပါ ဖမ်းဆီးရမိခဲ့သူများအား သက်ဆိုင်ရာနိုင်ငံများသို့ ထိုင်းနိုင်ငံမှတစ်ဆင့် စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ပြီး အဆောက်အအုံများကို စနစ်တကျဖောက်ခွဲဖျက်ဆီး၍ လည်းကောင်း၊ ယာဉ်ယန္တရားများ အသုံးပြု၍လည်းကောင်း ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ရာနှုန်းပြည့် ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါဒေသများအတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်သူများ အခြေချနေထိုင်လုပ်ကိုင်မှု မရှိစေရေးအတွက် နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများကို ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံတာဝန်သိ ပြည်သူများ ပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် ရှာဖွေဖော်ထုတ်စစ်ဆေးခြင်းများ ဆောင်ရွက်စဉ် ကျောက်ခက်ဒေသ အတွင်း၌လည်း အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အခြေချလုပ်ကိုင်နေကြောင်း သတင်းရရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေး၊ နယ်မြေစိုးမိုးရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းများကို ကာကွယ်ပေးထားသော အကြမ်းဖက်သောင်းကျန်းသူများ၏ စခန်းတစ်ခုဖြစ်သည့် ကျွန်းခုနစ်ပင် စခန်းအား ၂၀၂၆ ခုနှစ် ဇူလိုင် ၁၂ ရက်တွင် လည်းကောင်း၊ အဆိုပါစခန်း၏ အရှေ့တောင်ဘက် မီတာ ၅၀၀၀ ခန့်အကွာရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်း လုပ်ကိုင်သည့်နေရာအား ၂၀၂၆ ခုနှစ် ဇူလိုင် ၂၅ ရက်တွင် လည်းကောင်း၊ အဆိုပါစခန်း၏ အရှေ့တောင်ဘက်မီတာ ၆၅၀၀ ခန့်အကွာရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်း လုပ်ကိုင်သည့်နေရာအား ၂၀၂၆ ခုနှစ် ဩဂုတ် ၁၇ ရက်တွင်



ကော့ကရိတ်-ကျုံဒိုးလမ်းကြောင်း နယ်မြေရှင်းလုံခြုံရေးလုပ်ငန်းများဆောင်ရွက်စဉ် KNU၊ KNLA၊ DKBA နှင့် PDF အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိခဲ့သည့် လက်နက်၊ ခဲယမ်း၊ ကြီးကြပ်ကန့်သတ် ပစ္စည်းများနှင့် Drone များ မှတ်တမ်းဓာတ်ပုံ။



ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများ ဖြိုချဖျက်ဆီးခဲ့မှု။

လည်းကောင်း အသီးသီးသိမ်းပိုက်ရရှိခဲ့သည်။

ထိုသို့ သိမ်းပိုက်ရရှိရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းလုပ်ကိုင်နေသူများကို မြေနေရာပေး၍ အခကြေးငွေရယူကာ ကာကွယ်ပေးထားသည့် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များနှင့် တိုက်ပွဲ ကြီး/ငယ် ၄၆ ကြိမ်ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများထံမှ အလောင်း ၂၁ လောင်း၊ လက်နက်မျိုးစုံ ၁၈ လက်၊ ကျည်အိမ်မျိုးစုံ ၂၇ ခု၊ ကျည်မျိုးစုံ ၁၃၃၃ တောင့်၊ လက်လုပ် Dropဗုံး ၁၄ လုံး၊ မိုင်းမျိုးစုံ ၂၁၉ လုံး၊ ကျည်ကာအင်္ကျီ ကိုးစုံ၊ ကျည်ကာဦးထုပ် ၁၅ လုံး၊ ညကြည့်မှန်ပြောင်း တစ်ခု၊ ကင်းထောက် Drone တစ်စင်း၊ လမ်းလျှောက်စကားပြောစက် ခုနစ်လုံး၊ ပစ်ကျင်း ၄၄၁ ကျင်း၊ ဘန်ကာ ၅၃ လုံး၊ လူနေတဲ ၂၂၈ လုံး၊ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ဆောင်ခဲ့သည့် အဆောက်အအုံ ၁၅ လုံး၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်သူ တရားမဝင်ပြည်ပနိုင်ငံသားများနှင့် ဆက်စပ်သူများ အပါအဝင် ၇၇၇ ဦးတို့အား လုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် StarLink နှစ်လုံး၊ တယ်လီဖုန်းမျိုးစုံ ၄၅၂ လုံးနှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းမျိုးစုံ ၁၇၅ စုံတို့အား သိမ်းဆည်းရရှိသည်။

အဆိုပါ ကျောက်ခက်ဒေသရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သူများအနက် တရားမဝင်ပြည်ပနိုင်ငံသား ၂၁၀ အား ၂၀၂၆ ခုနှစ် ဇူလိုင် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့က အခကြေးငွေများရယူကာ မော်တော်ယာဉ်များဖြင့် တင်ဆောင်ပြီး ကျောက်ခက်-ဝေါလေ လမ်းကြောင်းအတိုင်း ဝေါလေ၏အနောက်တောင်ဘက် မီတာ ၂၆၀၀ ခန့်အကွာ မြန်မာ-ထိုင်းနယ်စပ်သို့ ပို့ဆောင်ပေးခဲ့ပြီး မြန်မာ-ထိုင်း နယ်စပ်အား ဖြတ်သန်း၍ ထိုင်းနိုင်ငံဘက်သို့ ထွက်ပြေးသွားခဲ့ကြောင်း ဒေသခံပြည်သူများ၏ သတင်းပေးပို့မှုအရ သိရှိသည်။

ထို့ပြင် အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် လေးကေ့ကော်မှ ကျောက်ခက်ဒေသသို့သွားသည့် လမ်းကြောင်းပေါ်ရှိ သံပေါင်ဘေလီ အမျိုးအစားဖြစ်သည့် အရှည် ပေ ၈၀၊ အကျယ် ၁၃ ပေရှိ ကျွန်းခုနစ်ပင်တံတားအားလည်း မိုင်းထောင်ဖောက်ခွဲဖျက်ဆီးထားရှိသဖြင့် နယ်မြေခံစစ်မြေပြင်အင်ဂျင်နီယာတပ်မှ တပ်မတော်သားများက ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ၂၀၂၆ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် တံတားပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးခဲ့ကြောင်း သိရသည်။

ယင်းအပြင် အကြမ်းဖက်သောင်းကျန်းသူများ ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ကျုံဒိုး-ကော့ကရိတ်-သဃ်န်းညီနောင်-မြဝတီလမ်းကြောင်းပေါ်ရှိ ညီညာသာလင်းတံတား၊ (၅)တိုင်တံတားနှင့် ကော့နွဲ့တံတား အပါအဝင် လမ်း/တံတားများအား နယ်မြေခံစစ်မြေပြင် အင်ဂျင်နီယာတပ်မှ တပ်မတော်သားများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်ပူးပေါင်း၍ ပြန်လည်ပြုပြင် တည်ဆောက်ပေးခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများ လမ်းကြောင်းတစ်လျှောက် ပိတ်ဆို့ထားသည့် အတားအဆီးများကိုလည်း ဖယ်ရှားရှင်းလင်းခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

အွန်လိုင်းလိမ်လည် လောင်းကစားမှုများကို ကျူးလွန်ကြသူများအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင်ဝင်ရောက်လာပြီး အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြခြင်း ဖြစ်သည်။ အဆိုပါ အွန်လိုင်းလိမ်လည် လောင်းကစားမှုများကို ကျူးလွန်ခဲ့ကြသူများသည် Social Media မှတစ်ဆင့် နည်းမျိုးစုံဖြင့် မက်လုံးပေး စည်းရုံးမှုကြောင့် နိုင်ငံစုံမှ အလုပ်လာရောက်လုပ်ကိုင်ရင်း အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများတွင် ပါဝင်ပတ်သက်ခဲ့ရသည့် လူကုန်ကူးခံရသူများနှင့် ရာဇဝတ်မှုများကျူးလွန် ထွက်ပြေးတိမ်းရှောင် နေကြသူများဖြစ်ကြောင်း သိရှိသည်။

၎င်းတို့အနေဖြင့် အရှေ့တောင်အာရှနိုင်ငံအချို့တွင် လုပ်ကိုင်ခဲ့ကြပြီး အိမ်နီးချင်းနိုင်ငံအချို့ ပဋိပက္ခဖြစ်မှုနောက်ပိုင်းမှ မြန်မာနိုင်ငံအရှေ့တောင်ဒေသ KNU ၊ KNLA၊ DKBA ၊ PDF အမည်ခံ အကြမ်းဖက် ပူးပေါင်းအဖွဲ့များ အခြေချ နေထိုင်လျက်ရှိသည့် မြဝတီဒေသသို့ တစ်ဖက်နိုင်ငံမှ တစ်ဆင့် နည်းလမ်းပေါင်းစုံဖြင့် ဝင်ရောက်လုပ်ကိုင်ခဲ့ကြခြင်းဖြစ်သည်။ အဆိုပါအဖွဲ့များ ဝင်ရောက်လုပ်ကိုင်မှုအပေါ် KNU ၊ KNLA၊ DKBA၊ PDF အမည်ခံ အကြမ်းဖက် ပူးပေါင်းအဖွဲ့များအနေဖြင့် နိုင်ငံနှင့် ဒေသအပေါ်ကြီးမားစွာ ထိခိုက်နစ်နာမှုများကို လျစ်လျူရှု၍ မြေနေရာပေးခြင်း၊ အကာအကွယ်ပေးခြင်းတို့ ပြုလုပ်ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များ ဝင်ရောက်မလာစေရေး ဆက်သွယ်ရေးလမ်းကြောင်းများကို သိမ်းပိုက်ထိန်းချုပ်ရန် ကြိုးပမ်းခဲ့ကြောင်း တွေ့ရှိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုဘဝများကို ပျက်စီးစေပြီး လူ့ကျင့်ဝတ်သိက္ခာများ ထိခိုက်စေ၍ အများပြည်သူ အကျိုးစီးပွားနှင့် အမျိုးသားလုံခြုံရေးကိုပါ အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိကာ ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ နိုင်ငံအတွင်း လုံးဝအခြေမချနိုင်သည်အထိ ထိထိရောက်ရောက် ရှာဖွေစစ်ဆေးနှိမ်နင်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေမှုများအားသိရှိပါက သက်ဆိုင်ရာသို့ သတင်းပေးပို့၍ အွန်လိုင်းလိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ပေးနိုင်ပါရန် မေတ္တာရပ်ခံပါကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အဆိုပါနယ်မြေနှင့် ပတ်ဝန်းကျင်ဒေသများတွင် လိုအပ်သည့်နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ



နေပြည်တော် စက်တင်ဘာ ၁၀

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား လူငယ်များအား မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲ လေ့လာနိုင်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ အခြေခံပညာ အထက်တန်းကျောင်း (ညောင်လွန့်)မှ ကျောင်းသား ကျောင်းသူများနှင့်ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့ တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများသည် တပ်မတော် (ကြည်း၊ ရေ၊ လေ) နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ပြခန်းများကို လှည့်လည်ကြည့်ရှုကြပြီး သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ မေးမြန်းကြသည်။ ထို့ပြင် ပြင်ပပြကွက်များတွင် ခင်းကျင်း ပြသထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများကိုပါ လေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ထို့အပြင် ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲ ပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏မေးမြန်းချက်များကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## လေးမျက်နှာမြို့နယ် အမက(မြစ်ကျိုး) ပြန်လည်ဖွင့်လှစ်နိုင်ရေး သန့်ရှင်းရေးဆောင်ရွက်

လေးမျက်နှာ စက်တင်ဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် အမှတ်(၅)ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း(မြစ်ကျိုး)၌ ယမန်နေ့ နံနက်ပိုင်းက သန့်ရှင်းရေးဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် အနောက်တောင် တိုင်းစစ်ဌာနချုပ်မှ ဒုတိယတိုင်းမှူး ဦးဆောင်မှုဖြင့် တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များက ကျောင်းပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် စာသင်ခန်းများအတွင်း ရွှံ့နွံများဖယ်ရှားခြင်း၊ စာရေးခုံ၊ ထိုင်ခုံနှင့် စားပွဲများကို စက်ပစ္စည်းများ အသုံးပြုကာ သန့်ရှင်းရေးဆောင်ရွက်ခဲ့ပြီး ကျောင်းတွင်းကျောင်းပြင် သန့်ရှင်းရေးလုပ်ငန်းများ၊ ကျောင်းသန့်ရှင်းသာယာရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရေဦးသာ



## သမဝါယမကောလိပ်(မန္တလေး)အာစရိယပူဇော်ပွဲ ကျင်းပ

ပုသိမ်ကြီး စက်တင်ဘာ ၁၀

၂၀၂၅-၂၀၂၆ ပညာသင်နှစ် သမဝါယမကောလိပ်(မန္တလေး)၏ အာစရိယပူဇော်ပွဲကို ယနေ့နံနက်ပိုင်းက သမဝါယမကောလိပ်(မန္တလေး) ရန်ကင်းခန်းမ၌ ကျင်းပပြီး ကျောင်းအုပ်ကြီး၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် ဆရာ ဆရာမများ တက်ရောက်ကြရာ ကျောင်းသား ကျောင်းသူများက မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ပူဇော်ကန်တော့ကြသည်။

ထို့နောက် စာစီစာကုံးပြိုင်ပွဲတွင် ဆုရကျောင်းသား ကျောင်းသူများအား ကျောင်းအုပ်ကြီး၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် တွဲဖက်ပါမောက္ခများက ဆုချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## သမဝါယမကဏ္ဍမှ ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေး

မှော်ဘီ စက်တင်ဘာ ၁၀

မှော်ဘီမြို့နယ် သမဝါယမဦးစီးဌာနတွင် သမဝါယမကဏ္ဍက ဆောင်ရွက်နေသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်းများ၊ လူမှုစီးပွားမြှင့်တင်ရေး (သက်တံရောင်) စီမံကိန်းနှင့် သမဝါယမစနစ်ကိုအခြေခံ၍ စုပေါင်းဆောင်ရွက်သည့် စနစ်ကျသော စိုက်ပျိုးရေးစနစ်နှင့်ပတ်သက်၍ စီမံကိန်းလုပ်ငန်းစဉ်များ ရှင်းလင်းခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်သမဝါယမအသင်းစုရုံး၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့်က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိက သမဝါယမကဏ္ဍမှ ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ကောင်းမြတ်သူ(မှော်ဘီ)





## လက်ပံတန်းမြို့နယ်အတွင်းရှိ ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ စစ်ဆေး

လက်ပံတန်း စက်တင်ဘာ ၁၀

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ ၂၀၂၆- ၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ကျေးလက်လမ်း၊ တံတားလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယမန်နေ့မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ယင်းသို့ ကွင်းဆင်းကြည့်ရှုရာတွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးထွန်းဝေ(ပဲခူးတိုင်းတာဝန်ခံ)သည် ခရိုင်/မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှတာဝန်ရှိသူများနှင့်အတူ တာဆိပ်လမ်း (၀/၂)မိုင် ကျောက်ချောခင်းခြင်းပစ္စည်းစုဆောင်းထားရှိမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ပေါက်ခေါင်းမြို့နယ်၌ ကျေးလက်လမ်း၊ တံတား ဆောင်ရွက်နေမှုများ ကွင်းဆင်းစစ်ဆေး

ပေါက်ခေါင်း စက်တင်ဘာ ၁၀

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်သည် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ တာဝန်ရှိသူများနှင့်အတူ ပေါက်ခေါင်းမြို့နယ် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနက၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကျေးလက်လမ်း၊ တံတား ဆောင်ရွက်မှုလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် မြောက်လက်ကြီး-ရှားစေးဖို-ရသေ့ကျေးရွာချင်းဆက်လမ်း လမ်းတာပေါင်ချဲ့တင်၍ ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

လောမင်းကို(ပြန်/ဆက်)



**ရေချွေတာရေး နည်းလမ်းများ**

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

# ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးအသွင်ပြောင်းလဲမှု

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

ကမ္ဘောဒီးယားနိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အရေးကြီးသောအဆင့်သစ်တစ်ခုသို့ ဝင်ရောက်နေပါသည်။ ယင်းသည် မြင့်မားသော စွမ်းအင်ကုန်ကျစရိတ်များနှင့် ပထဝီနိုင်ငံရေး မရေရာမှုများမှသည် ခရီးသွားလုပ်ငန်းနှင့် အိမ်ခြံမြေကဏ္ဍတွင် စိန်ခေါ်မှုများအထိ ပြင်ပဖိအားများနှင့် ရင်ဆိုင်နေရသည်။ သို့သော်လည်း ၎င်း၏စီးပွားရေးသည် သိသာထင်ရှားသော ပြန်လည်ကောင်းမွန်လာမှုကို ဆက်လက်ပြသနေပါသည်။ ခိုင်မာသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ တိုးချဲ့တင်ပို့မှုနှင့် အလျင်အမြန် ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်မှုတို့သည် ကမ္ဘောဒီးယားအတွက် ပိုမိုကွဲပြားပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိသော စီးပွားရေးတစ်ခုတည်ဆောက်ရန် အခွင့်အလမ်းသစ်များကို ဖန်တီးပေးနေပါသည်။

အာရှဖွံ့ဖြိုးရေးဘဏ်(ADB) နှင့် ကမ္ဘာ့ဘဏ်တို့၏ မကြာသေးမီက အကဲဖြတ်ချက်များအရ ကမ္ဘောဒီးယားနိုင်ငံသည် အဝတ်အထည်နှင့် ဆောက်လုပ်ရေးအပေါ် သမားရိုးကျမှီခိုမှုမှ တဖြည်းဖြည်းကျော်လွန်လာသည့် စီးပွားရေးတစ်ခုကို ဦးတည်နေပါသည်။ ကုန်ထုတ်လုပ်မှု၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု(FDI)၊ ပို့ကုန်များ၊ ခရီးသွားလုပ်ငန်းနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုတို့သည် ကမ္ဘောဒီးယား၏စီးပွားရေးအသွင်ပြောင်းလဲမှုဆိုင်ရာ အခြေခံအုတ်မြစ်များ ဖြစ်လာနေပါသည်။

**အဓိကတိုးတက်မှုအင်ဂျင်တစ်ခုအဖြစ် ဆက်လက်တည်ရှိနေသော ကုန်ထုတ်လုပ်မှု**

ကမ္ဘောဒီးယား၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ကုန်ထုတ်လုပ်မှုသည် အရေးကြီးဆုံးသော ဒေါက်တိုင်များထဲမှ တစ်ခုဖြစ်လာခဲ့သည်။ ADB ၏ ဧပြီလ အကဲဖြတ်ချက်အရ ၂၀၂၆ ခုနှစ်တွင် စက်မှုထွက်ကုန်သည် ၇ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်လာရန်မျှော်မှန်းထားသည်။ ယင်းသည် အထည်အလိပ်ထုတ်လုပ်မှု အားကောင်းလာရုံသာမက အထည်အလိပ်မဟုတ်သော စက်မှုလုပ်ငန်းများ တိုးချဲ့လာခြင်းကြောင့်လည်း ဖြစ်သည်။

ကမ္ဘောဒီးယားသည် လျှပ်စစ်ပစ္စည်းများ၊ တာယာများ၊ ပရိဘောဂများနှင့် အခြားကုန်ပစ္စည်းများကို ပိုမိုထုတ်လုပ်လျက်ရှိပြီး အရှေ့တောင်အာရှတွင် ပိုမိုကျယ်ပြန့်သော ထုတ်လုပ်ရေးအခြေစိုက်စခန်းတစ်ခုဖြစ်လာနိုင်သည့်အလားအလာကို ပြသနေသည်။ ဤသို့ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုသည် အလုပ်အကိုင်များ ဖန်တီးပေးနိုင်သည့်အပြင် တန်ဖိုးမြင့်ထုတ်လုပ်မှုဆီသို့ တဖြည်းဖြည်းရွှေ့လျားစေရန်လည်း ကူညီပေးနိုင်ပါသည်။

**အခွင့်အလမ်းအသစ်များကို ဖန်တီးပေးသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု**

ကမ္ဘောဒီးယား၏ စီးပွားရေးအင်အားတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု(FDI) သည် နောက်ထပ်အရေးကြီးသော ရင်းမြစ်တစ်ခုဖြစ်သည်။ ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာအရ ၂၀၂၅ ခုနှစ်တွင် FDI သည် အမေရိကန်ဒေါ်လာ ၅ ဒသမ ၁ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး တရားဝင်အလုပ်အကိုင် ၄၀၀၀၀၀ ခန့်ကို ပံ့ပိုးပေးခဲ့သည်။ ဤရင်းနှီးမြှုပ်နှံမှုသည် အလုပ်သမားများအား ထုတ်လုပ်မှုနိမ့်သော စိုက်ပျိုးရေးလုပ်ငန်းများမှ ထုတ်လုပ်ရေးနှင့် အခြားတရားဝင်ကဏ္ဍများသို့ရွှေ့ပြောင်းရန် ကူညီပေးနိုင်သောကြောင့် အထူးတန်ဖိုးရှိပါသည်။

ကမ္ဘောဒီးယားသို့ ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်ဝင်ရောက်လာခြင်းသည် နိုင်ငံတကာစီးပွားရေးလုပ်ငန်းများအနေဖြင့် ကမ္ဘောဒီးယားကို ရေရှည်စီးပွားရေးအလားအလာရှိသည့်နိုင်ငံအဖြစ် ယုံကြည်စိတ်ချမှုများကို ညွှန်ပြနေသည်။ ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်၊ အခြေခံအဆောက်အအုံနှင့် အလုပ်သမားစွမ်းရည်များ တိုးတက်ကောင်းမွန်စေရန် အစိုးရ၏ကြိုးပမ်းမှုများသည် ဤယုံကြည်မှုကို ပိုမိုခိုင်မာစေနိုင်သည်။ ထို့ကြောင့် ကမ္ဘောဒီးယားအတွက် ရည်မှန်းချက်မှာ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆွဲဆောင်ရန်သာမက နည်းပညာ၊ ကျွမ်းကျင်မှု၊ ထုတ်လုပ်မှုနှင့် နိုင်ငံတကာဈေးကွက်များသို့ ဝင်ရောက်ခွင့်ကို ယူဆောင်လာသည့် အရည်အသွေးမြင့် ရင်းနှီးမြှုပ်နှံမှုများကိုလည်း ဆွဲဆောင်ရန် ဖြစ်သည်။

> **ကမ္ဘောဒီးယားနိုင်ငံသည် အဝတ်အထည်နှင့် ဆောက်လုပ်ရေးအပေါ် သမားရိုးကျမှီခိုမှုမှ တဖြည်းဖြည်းကျော်လွန်လာသည့် စီးပွားရေးတစ်ခုကို ဦးတည်နေပါသည်။ ကုန်ထုတ်လုပ်မှု၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု(FDI)၊ ပို့ကုန်များ၊ ခရီးသွားလုပ်ငန်းနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုတို့သည် ကမ္ဘောဒီးယား၏ စီးပွားရေးအသွင်ပြောင်းလဲမှုဆိုင်ရာ အခြေခံအုတ်မြစ်များဖြစ်**

**စီးပွားရေးဒိုင်းနမစ်ကို ပြသသောပို့ကုန်များ**

ကမ္ဘောဒီးယား၏ ပို့ကုန်စွမ်းဆောင်ရည်သည် နောက်ထပ် အားရစရာလက္ခဏာတစ်ရပ်ကို ပေးစွမ်းသည်။ ကမ္ဘာ့ဘဏ်က ၂၀၂၆ ခုနှစ် ပထမသုံးလပတ်တွင် ကုန်စည်တင်ပို့မှု ၁၇ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်လာခဲ့သည်ဟု ဆိုသည်။

စင်စစ် ပို့ကုန်များ ပိုမိုမြင့်တက်လာခြင်းသည် နိုင်ငံခြားငွေလဲလှယ်မှုကို ဖြစ်ပေါ်စေနိုင်သည်။ အလုပ်အကိုင်များကို ပံ့ပိုးပေးနိုင်ပြီး ထုတ်လုပ်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုကို အားပေးနိုင်သည်။ နိုင်ငံတကာထုတ်လုပ်မှုကွန်ရက်များတွင် ပိုမိုပါဝင်နိုင်ခြင်းဖြင့် ပြည်တွင်းကုမ္ပဏီများအား ဒေသတွင်းနှင့် ကမ္ဘာ့ဈေးကွက်များသို့ ချိတ်ဆက်ရန် အခွင့်အလမ်းများကိုလည်း ဖော်ဆောင်ပေးသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ စိန်ခေါ်မှုနှင့် အခွင့်အလမ်းမှာ ၎င်း၏ပို့ကုန်အခြေခံကို ဆက်လက်တိုးချဲ့ရန်ဖြစ်သည်။ လျှပ်စစ်ထုတ်ကုန်များ၊ အစိတ်အပိုင်းများ၊ စိုက်ပျိုးရေးပြုပြင်ထုတ်လုပ်ခြင်းနှင့် အခြားတန်ဖိုးမြင့်စက်မှုလုပ်ငန်းများသို့ တိုးမြှင့်လုပ်ဆောင်ခြင်းသည် သမားရိုးကျပို့ကုန်ထုတ်ကုန်အရေအတွက် အကန့်အသတ်ရှိမှုအပေါ် မှီခိုမှုကို လျှော့ချပေးလိမ့်မည်ဖြစ်သည်။

**အရေးပါသောခရီးသွားလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်း**

ကုန်ထုတ်လုပ်မှုသည် ပိုမိုအရေးပါလာသော်လည်း ကမ္ဘောဒီးယား၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် စက်မှုလုပ်ငန်းတစ်ခုတည်းပေါ်တွင် အခြေခံထားခြင်းမဟုတ်ပါ။ ခရီးသွားလုပ်ငန်းသည် အလုပ်အကိုင်နှင့် နိုင်ငံခြားငွေလဲလှယ်မှု၏ အဓိကရင်းမြစ်တစ်ခုအဖြစ် ဆက်လက်တည်ရှိနေပြီး စိုက်ပျိုးရေးသည် လူသန်းပေါင်းများစွာကို ဆက်လက်ပံ့ပိုးပေးနေပါသည်။

ADB က ကမ္ဘောဒီးယားအနေဖြင့် ခရီးသွားလုပ်ငန်းကို အားကောင်းစေပြီး အလုပ်သမားအင်အား ထုတ်လုပ်မှုကိုမြှင့်တင်ရန် အရေးကြီးကြောင်း အလေးပေးပြောကြားခဲ့သည်။ ဆန်နှင့် သီဟိုဠ်စေ့ကဲ့သို့သော ထုတ်ကုန်များအတွက် ပိုမိုအားကောင်းသော ပို့ကုန်ဝယ်လိုအားမှတစ်ဆင့် စိုက်ပျိုးရေးကဏ္ဍတွင်လည်း တိုးချဲ့ရန် အခွင့်အလမ်းများရှိသည်။ ရေရှည်တည်တံ့သောထုတ်လုပ်မှု၊ ခေတ်မီစိုက်ပျိုးရေးလုပ်ငန်းစဉ်များနှင့် ပိုမိုကောင်းမွန်သော စိုက်ပျိုးရေးပြုပြင်ထုတ်လုပ်မှုများသည် ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စိုက်ပျိုးရေးအရင်းအမြစ်များမှ ပိုမိုကြီးမားသော တန်ဖိုးကို ရရှိစေနိုင်သည်။

ထို့ပြင် သယ်ယူပို့ဆောင်ရေးနှင့် ဒေသတွင်းချိတ်ဆက်မှုတိုးတက်လာခြင်းသည် လယ်သမားများ၊ စီးပွားရေးလုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းနေရာများကို ပြည်တွင်းနှင့် နိုင်ငံတကာဈေးကွက်များနှင့် ပိုမိုထိရောက်စွာ ချိတ်ဆက်ပေးနိုင်ပါသည်။

**လူငယ်လုပ်သားအင်အားတွင် ရင်းနှီးမြှုပ်နှံခြင်း**

ကမ္ဘောဒီးယား၏ ရေရှည်အကြီးမားဆုံး စီးပွားရေးပိုင်ဆိုင်မှုမှာ နိုင်ငံ့လူဦးရေနှင့် သက်ဆိုင်ကောင်းသက်ဆိုင်နိုင်သည်။ ကမ္ဘာ့ဘဏ်က အလုပ်လုပ်နိုင်သော လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုသည် အရေးကြီးသောအားသာချက်တစ်ခုအဖြစ် ဆက်လက်တည်ရှိနေမည်ဟု မျှော်လင့်ထားသည်။ ၂၀၄၃ ခုနှစ်ဝန်းကျင်တွင် လူသားရင်းမြစ်ဖွံ့ဖြိုးတိုးတက်မှုအမြင့်ဆုံးအချိန်ဟု ခန့်မှန်းထားသည်။

သို့သော် လူဦးရေဆိုင်ရာအလားအလာက ဖော်ပြသည်မှာ လူသားရင်းမြစ်များတွင် မှန်ကန်သော ကျွမ်းကျင်မှုများရှိသည့်အခါတွင်သာ စီးပွားရေး အားသာချက်တစ်ခု ဖြစ်လာမည်ဖြစ်သည်။ ထို့ကြောင့် ကမ္ဘောဒီးယားသည် ပညာရေး၊ အသက်မွေးဝမ်းကျောင်းသင်တန်း၊ ဒီဂျစ်တယ်ကျွမ်းကျင်မှုနှင့် နည်းပညာကျွမ်းကျင်မှုတို့တွင် ဆက်လက်ရင်းနှီးမြှုပ်နှံရန် လိုအပ်ပါသည်။

**ကွဲပြားမှုမှတစ်ဆင့် ခံနိုင်ရည်တည်ဆောက်ခြင်း**

ကမ္ဘောဒီးယားသည် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးရိုက်ခတ်မှုများမှ အခြားနိုင်ငံများနည်းတူ ခံစားခဲ့ရသည်။ စွမ်းအင်ဈေးနှုန်းမြင့်မားခြင်း၊ ပထဝီနိုင်ငံရေးတင်းမာမှုများနှင့် နိုင်ငံတကာကုန်သွယ်ရေးတွင် အနှောင့်အယှက်များသည် စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူများကို ထိခိုက်နိုင်သည်။ ကမ္ဘာ့ဘဏ်က ၂၀၂၆ ခုနှစ်တွင် စီးပွားရေးတိုးတက်မှု ၃ ဒသမ ၉ ရာခိုင်နှုန်းနှင့် ၂၀၂၇ ခုနှစ်တွင် ၄ ဒသမ ၉ ရာခိုင်နှုန်းအထိ ပြန်လည်ကောင်းမွန်လာမည်ဟု ခန့်မှန်းထားသည်။

ကမ္ဘောဒီးယား၏ စီးပွားရေးအလားအလာသည် ရေတိုတိုးတက်မှုမြင့်မားမှုကို ထိန်းသိမ်းခြင်းသက်သက်မဟုတ်ချေ။ ယင်းသည် ပြင်ပရိုက်ခတ်မှုများကို ခံနိုင်ရည်ရှိသော ပိုမိုခိုင်မာသည့်စီးပွားရေးဖွဲ့စည်းပုံသို့ ဦးတည်နေသည်။

**ဝင်ငွေမြင့်မားသောအနာဂတ်ဆီသို့ မျှော်ကြည့်ခြင်း**

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၅၀ ပြည့်နှစ်တွင် ဝင်ငွေမြင့်မားသော စီးပွားရေးဖြစ်လာရန် ရေရှည်ရည်မှန်းချက်တစ်ခု ချမှတ်ထားသည်။ ဤရည်မှန်းချက် အောင်မြင်ရန်အတွက် ရေရှည်ထုတ်လုပ်မှုတိုးတက်မှုများ၊ လူ့စွမ်းအားအရင်းအမြစ်များတွင် ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာတိုးတက်မှု၊ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာဈေးကွက်များနှင့် ဆက်လက်ပေါင်းစည်းရန် လိုအပ်မည်ဖြစ်သည်။

ADB နှင့် ကမ္ဘာ့ဘဏ်၏ နောက်ဆုံးအကဲဖြတ်ချက်များအရ ကမ္ဘောဒီးယားသည် ဤအသွင်ပြောင်းလဲမှုအတွက် အရေးကြီးသော အခြေခံအုတ်မြစ်များစွာရှိနှင့်ပြီးဖြစ်ကြောင်း အကြံပြုထားသည်။ ယင်းတို့မှာ ကြီးထွားလာသော ထုတ်လုပ်ရေးကဏ္ဍ၊ ခိုင်မာသောရင်းနှီးမြှုပ်နှံမှုစီးဆင်းမှု၊ ပို့ကုန်များတိုးချဲ့ခြင်း၊ အလုပ်လုပ်နိုင်သော လူ့စွမ်းအားအရင်းအမြစ်နှင့် စီးပွားရေးပေါင်းစည်းမှု တိုးမြှင့်ခြင်းတို့ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် ကမ္ဘောဒီးယားသည် ထိရောက်သောမူဝါဒများ၊ ပိုမိုခိုင်မာသော ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်မှုနှင့် ထုတ်လုပ်မှုကဏ္ဍများတွင် ဆက်လက်ရင်းနှီးမြှုပ်နှံမှုတို့ဖြင့် ၎င်း၏ လူဦးရေဆိုင်ရာနှင့် ပထဝီဝင်ဆိုင်ရာ အားသာချက်များကို ရေရှည်တည်တံ့သော စီးပွားရေးကြွယ်ဝချမ်းသာမှုအဖြစ်ပြောင်းလဲရန် အခွင့်အရေးရှိနေသည်။ သို့သော် စိန်ခေါ်မှုများတော့ပါဝင်မည်မှာ သေချာပါသည်။ သို့သော် ထုတ်လုပ်ရေးတိုးတက်မှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ ပို့ကုန်တိုးချဲ့မှု၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုနှင့် စီးပွားရေးကွဲပြားမှုတို့ပေါင်းစပ်ခြင်းဖြင့် ကမ္ဘောဒီးယားအား ၎င်း၏ဖွံ့ဖြိုးတိုးတက်မှု၏ နောက်ထပ်အခန်းကဏ္ဍအတွက် မျှော်လင့်ချက်ကောင်းသောအုတ်မြစ်ကို ပေးစွမ်းမည်ဖြစ်ကြောင်း တင်ပြလိုက်ပါသည်။ ။

**References**

Asian Development Bank (ADB). (2026, April 10). Cambodia's Economy to Grow by 4.5% in 2026 Under an Early Middle East Stabilization Scenario.

World Bank. (2026, June 9). Strong Policy Action Key to Protecting Cambodia's Jobs and Livelihoods Amid Shocks.

## မယ်ဆိုင်ချောင်းရေ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၁၀

ယနေ့နံနက် ၁၁ နာရီ တိုင်းထွာချက်အရ မယ်ဆိုင်ချောင်းရေသည် တာချီလိတ်မြို့ (လွယ်တော်ခမ်းကျေးရွာ)တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁၁ လက်မခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ခြောက်လက်မခန့် ကျော်လွန်ရောက်ရှိနိုင်ပသည်။

သို့ဖြစ်ပါ၍ တာချီလိတ်မြို့နယ်အတွင်းရှိ ချောင်းကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် ချောင်းရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## ချမ်းမြသာစည်မြို့နယ်၌ ယာဉ်စည်းကမ်းလမ်းစည်းကမ်း အသိပညာပေး

မန္တလေး စက်တင်ဘာ ၁၀

ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်းလမ်းစည်းကမ်း အသိပညာပေးဟောပြောခြင်းကို စက်တင်ဘာ ၉ ရက်က မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၌ ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၃) ယာဉ်ထိန်းရဲတပ်ဖွဲ့(မန္တလေး) အမှတ်(၁၄) ယာဉ်ထိန်းတပ်ဖွဲ့ခွဲ( မန္တလေး)မှ ဒုတိယရဲမှူးနှင့် တပ်ဖွဲ့ဝင်များက ယာဉ်စည်းကမ်းဆိုင်ရာအသိပညာပေးဟောပြောပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



❖ နိုင်ငံတကာမှ

YRG အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ အင်ဒိုနီးရှားကလပ် Black Steel Papua အသင်းသည် မြန်မာထိပ်သီးကလပ် YRG ကို ဂိုးပြတ်အနိုင်ယူကာ ဗိုလ်လုပွဲတက်ရောက်ခဲ့ပြီး ပွဲတိုင်းအနိုင်ရထားသည့် အစဉ်အလာကို ဆက်ထိန်းနိုင်ခဲ့သည်။ ဒုတိယပွဲတွင် MIU အသင်းနှင့် YCDC Dream Team အသင်းတို့ သာမန်ပွဲကစားချိန်တွင် နှစ်ဂိုးစီ သရေကျနေသဖြင့် ပင်နယ်တီဖြင့် ဆုံးဖြတ်ရာ MIU အသင်းက လေးဂိုး -တစ်ဂိုး၊ စုစုပေါင်း ခြောက်ဂိုး -သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ MIU အသင်းသည် ပွဲချိန်အတွင်း နှစ်ကြိမ်တိုင် ဦးဆောင်ဂိုးသွင်းယူနိုင်သော်လည်း ဂိုးများ ပြန်ပေးရသဖြင့် နှစ်ဂိုးစီသရေကျကာ ပင်နယ်တီဖြင့် ဆုံးဖြတ်ခဲ့ရသည်။ ပင်နယ်တီကန်သွင်းရာတွင် MIU အသင်းက လေးဂိုးဝင်ပြီး YCDC Dream Team အသင်းက သုံးလုံးကန်ရာ တစ်ဂိုးသာဝင်ခဲ့ခြင်းဖြစ်သည်။

စက်တင်ဘာ ၁၂ ရက်တွင် တတိယလုပွဲအဖြစ် မြန်မာကလပ်နှစ်သင်းဖြစ်သော YRG အသင်းနှင့် YCDC Dream Team အသင်း၊ ဗိုလ်လုပွဲအဖြစ် မြန်မာကလပ် MIU အသင်းနှင့် အင်ဒိုနီးရှားကလပ် Black Steel Papua အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဗိုလ်လုပွဲတွင် တွေ့ဆုံနေသည့် မြန်မာကလပ် MIU အသင်းနှင့် အင်ဒိုနီးရှားကလပ် Black Steel Papua အသင်းသည် ပြိုင်ပွဲတစ်လျှောက် ပွဲတိုင်းအနိုင်ရကာ တက်ရောက်လာခြင်းဖြစ်ပြီး ချန်ပီယံဖြစ်သည့်အသင်းသည် ပွဲတိုင်းအနိုင်ရသည့်မှတ်တမ်းနှင့်အတူ ဆုဖလားရယူနိုင်မည်ဖြစ်သည်။

**သတင်း - ရှိုင်းထက်ဇော်၊ ဓာတ်ပုံ - MFF**

❂ ဘာစီလိုနာအသင်းမှ

ဘာစီလိုနာအသင်းက ဖီယင်နုအသင်းကို ငါးဂိုး -တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ဘာစီလိုနာအသင်းအတွက် သွင်းဂိုးတွေကို ရာဖင်ညာကနှစ်ဂိုး၊ အက်ဒီယီမီကတစ်ဂိုး၊ ယာမယ်ကတစ်ဂိုးနဲ့ ဂါဘရီယယ်ဂျီးဆက်ကတစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းကတော့ ဆလိုဗန်အသင်းကို ခြောက်ဂိုး -တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပြီး ပီအက်စ်ဂျီအသင်းအတွက် သွင်းဂိုးတွေကို ဒမ်ဘီလီကနှစ်ဂိုး၊ ဖာရန်တောရက်စ်ကသုံးဂိုးနဲ့ ဖာဘီရန်ရုဇ်က တစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းနဲ့ ဘာစီလိုနာအသင်းတို့ဟာ ဂိုးပြတ်နိုင်ပွဲကိုယ်စီရရှိခဲ့တာကြောင့် ချန်ပီယံလိဂ်အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နိုင်ခဲ့တာလည်းဖြစ်ပါတယ်။

အခြားသောချန်ပီယံလိဂ်ပွဲစဉ်တွေမှာတော့ စတုဂတ်အသင်းက ဗီကင်းအသင်းကို သုံးဂိုး -တစ်ဂိုး၊ လီဗာပူးအသင်းက အက်သလက်တီကိုမက်ဒရစ်အသင်းကို နှစ်ဂိုး -တစ်ဂိုး၊ အာဆင်နယ်အသင်းက နာပိုလီအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ စပို့တင်းအသင်းက ဂါလာတာစာရေးအသင်းကို သုံးဂိုး -တစ်ဂိုး စသဖြင့် အသီးသီးအနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ **ငွေကြယ်**

❒ M-League မှ

ရန်ကုန်ယူနိုက်တက်အသင်းက ပထမပိုင်းတွင် သွင်းယူသည့်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ၂၁ မိနစ်တွင် ကျော်ညီညီက သွင်းယူသည်။

ဗဟန်းမြက်ခင်းတုကွင်း၌ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းက Galaxy အသင်းကို တစ်ဂိုး -ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ရတနာပုံအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ၆၅ မိနစ်တွင် စိုးမောင်မောင်က သွင်းယူသည်။

ပွဲစဉ် (၁၄) ဒုတိယနေ့ကို စက်တင်ဘာ ၁၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဗဟန်းမြက်ခင်းတုကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် Falcon အသင်း၊ YUSC ကွင်း၌ သစ္စာအားမာန်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ - YUFC**

# "အသည်းထဲမှာ မိုးတွေရွာ" တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် စက်တင်ဘာ ၁၀**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်ပေးလျက်ရှိရာ စက်တင်ဘာ ၁၁ ရက် သောကြာနေ့ ညပိုင်းတွင် "အသည်းထဲမှာ မိုးတွေရွာ" တေးဂီတဖျော်ဖြေပွဲကို တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့် ပြသမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နိုင်ငံကျော်တေးသံရှင်များဖြစ်ကြသည့် ဝိုင်းလမင်းအောင်၊ စိုးထက်အောင်၊ ရဲဝင့်လှိုင်၊ သွန်း၊ အိအိချွန်၊ အိအိလှိုင်နှင့် မေ့ချစ်သက်တို့က ငြိုးမာန်ဖွဲ့ရွာသွန်းဖြိုးသည့် ဝါခေါင်မိုးနှင့်အတူ ချစ်သူပြန်လာမည်ကို မျှော်လင့်ရင်း အလွမ်းများ ပန်းလိုကြွေနေပုံ ခံစားရေးဖွဲ့ထားသည့် တေးသီချင်းကောင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

"အသည်းထဲမှာ မိုးတွေရွာ" တေးဂီတဖျော်ဖြေပွဲကို စက်တင်ဘာ ၁၁ ရက် သောကြာနေ့ ည ၉ နာရီခန့်တွင် မြန်မာ့ရုပ်မြင်သံကြား၏ MRTV-HD Channelနှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမှုနှင့်အတူ MRTV App နှင့် MRTV Telegram တို့မှလည်း တစ်ပြိုင်တည်း Streaming လွှင့်တင်မည်ဖြစ်ရာ MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့မှလည်း ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် စက်တင်ဘာ ၁၃ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင်လည်း MRTV-HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။




**သတင်းစဉ်**

# FIFA ASEAN Cup ပြိုင်ပွဲအုပ်စုနှင့် ကျင်းပမည့်ပုံစံ အတည်ပြုထုတ်ပြန်ပြီး မြန်မာအသင်း Challenge Division အုပ်စု (B) တွင် ကျရောက်

**ရန်ကုန် စက်တင်ဘာ ၁၀**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်နှင့် အာဆီယံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ပထမဆုံးကျင်းပမည့် ၂၀၂၆ FIFA ASEAN Cup ပြိုင်ပွဲ အုပ်စုနှင့် ကျင်းပမည့်ပုံစံများ အတည်ပြုထုတ်ပြန်လိုက်ပြီဖြစ်ပြီး မြန်မာအသင်းသည် Challenge Division အုပ်စု (B) တွင် ကျရောက်ခဲ့သည်။

ပြိုင်ပွဲကို Division နှစ်ခုခွဲ ကျင်းပမည်ဖြစ်ပြီး Premier Division တွင် အသင်းရှစ်သင်း၊ Challenge Division တွင် အသင်း ခြောက်သင်း ပါဝင်မည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ Premier Division အုပ်စု(A) တွင် အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ဘင်္ဂလားဒေ့ရှ်၊ အုပ်စု(B) တွင် ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ပါကစ္စတန်၊ Challenge Division အုပ်စု(A) တွင် ဟောင်ကောင်၊ လာအို၊ ဘရူနိုင်း၊ အုပ်စု(B) တွင် ကမ္ဘောဒီးယား၊ မြန်မာ၊ တီမောအသင်းတို့ ပါဝင်နေသည်။ Premier Division ပွဲစဉ်များကို အင်ဒိုနီးရှား၊ Challenge Division ပွဲစဉ်များကို ဟောင်ကောင်၌ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပမည့်ပုံစံအရ Premier Division တွင် အုပ်စုတစ်ခုစီမှ အမှတ်အများဆုံး ထိပ်ဆုံးတစ်သင်းစီမှာ ဗိုလ်လုပွဲ၊ ဒုတိယနေရာရ နှစ်သင်းမှာ တတိယလုပွဲ၊ Challenge Division တွင် အုပ်စုတစ်ခုစီမှ အမှတ်အများဆုံး ထိပ်ဆုံးတစ်သင်းစီမှာ ဗိုလ်လုပွဲကစားရမည်ဖြစ်သည်။

မြန်မာအသင်းပါဝင်သော Challenge Division ပွဲစဉ်များကို စက်တင်ဘာ ၂၄ ရက်မှ အောက်တိုဘာ ၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် စက်တင်ဘာ ၂၄ ရက်တွင် တီမောအသင်း၊ စက်တင်ဘာ ၂၇ ရက်တွင် ကမ္ဘောဒီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဗိုလ်လုပွဲကို အောက်တိုဘာ ၃ ရက်တွင် ကျင်းပမည်ဖြစ်သည်။

မြန်မာအသင်းကို နည်းပြချုပ်အဖြစ် နော်ဝေ/ဂျာမနီနိုင်ငံသား ယော်အန်ဒါဆန်က ဆက်လက်ကိုင်တွယ်မည်ဖြစ်ပြီး ယင်းပြိုင်ပွဲအတွက် နှစ်ပတ်ကျော် အချိန်ယူပြင်ဆင်မည်ဖြစ်သည်။ FIFA ASEAN Cup ပြိုင်ပွဲမှာ ယော်အန်ဒါဆင်အတွက် ဒုတိယမြောက် နိုင်ငံတကာပြိုင်ပွဲဖြစ်လာမည်ဖြစ်ပြီး အောင်မြင်မှုရယူနိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။ **ကိုညီလေး**

✤ ယနေ့နံနက်မှ

မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ စက်တင်ဘာ ၁၄ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေထုမငြိမ်မသက်မှုများဖြစ်ပေါ်နေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများ အနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းဖြင့် ထန်းတပင်မြို့နယ်၊ ကျွန်းငူလျှပ်စစ်မြစ်ရေတင်ဆိုလာစနစ်တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်း (70kW) Lot(6)အား မြန်မာကျပ်ငွေဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံဝယ်ယူခြင်း၊ တင်သွင်းခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်းဆောင်ရွက်သွားမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဌာနသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

(က) တင်ဒါပုံစံရောင်းချမည့်ရက် - (၁၁-၉-၂၀၂၆)ရက်နေ့

(ခ) တင်ဒါတင်သွင်းရမည့်ရက် - (၂၄-၉-၂၀၂၆)ရက်နေ့ (၁၆:၀၀ နာရီ)

(ဂ) တင်ဒါပုံစံရောင်းချမည့်နေရာ - ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ (ပြည်လမ်းနှင့် အလုံလမ်းထောင့်)

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၏ ၂၃၀ကေဗွီကမာနတ်-လှော်ကားဓာတ်အားလိုင်း(၃၈.၄)မိုင်ရှိ ACSR Conductor ကြိုးအား ACCC Conductor ကြိုးဖြင့် အစားထိုးလဲလှယ်ရန် လိုအပ်သောပစ္စည်းများအား တင်ဒါအမှတ် 45(T)/DPTSC(PSD)/2026-2027 (မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ဆို ဝယ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၁-၁၀-၂၀၂၆)ရက် (၁၄:၀၀)နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web-Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇- ၃၄၁၀၂၀၉၊ ၀၆၇- ၃၄၁၀၂၈၂**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၆၈/ခ)၊ အကျယ်အဝန်း (၂၀x၆၀)ပေ၊ ဧရိယာ (၀.၀၂၇)ဧကရှိ ဦးချစ်သန်း အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်ကို အရောင်းအဝယ်အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူ၍ တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်အုန်းကြည်[၁၂/သဃက(နိုင်)၀၁၉၄၇၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးငွေ၏ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား (စာရွက်စာတမ်းမူရင်းများ)နှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ပြီးဆုံးသည်အထိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်နီလာဌေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းငြိမ်း (LL.B) (D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၈၉၇)**
**အမှတ်(၅၀)၊ မြေညီထပ်၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်။**
**၀၉-၄၂၅၂၈၆၀၄၂၊ ၀၉-၇၆၀၈၁၁၇၇၆**

ညအချိန် အိပ်နေ ချိန်တွင် လျှပ်စစ်မီးများ ပိတ်ထား ခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာ သင့်ပါသည်

## အများသိစေရန်နှင့် ဆက်လက်လုပ်ဆောင်ခြင်းမပြုရန် သတိပေးတားမြစ်ခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ၁၁၆လမ်း၊ (၅၃x၅၄) လမ်းကြားနေ ဦးအောင်သူရိန် (ခ) ဦးရန်ပီချမ်း [၁၃/တမည (နိုင်) ၀၁၁၀၃၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေသည် YOO HTET COMPANY LIMITED ကို မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေနှင့်အညီ ၂၀၂၂–ခုနှစ် မတ်လမှစတင်၍ တည်ထောင်ခဲ့ပြီး ကုမ္ပဏီ၏ အဓိကလုပ်ငန်းများအဖြစ် တည်ဆောက်ရေးလုပ်ငန်းများ၊ ခရီးသွား ဝန်ဆောင်မှုလုပ်ငန်းများနှင့် အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းများကို ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ တရားဝင် ခွင့်ပြုချက်များ ရယူကာ ကောင်းသော ဂုဏ်သတင်းဖြင့် ယနေ့တိုင် စဉ်ဆက်မပြတ် ဂုဏ်သိက္ခာရှိစွာ ရပ်တည်လုပ်ကိုင် လျက်ရှိပါသည်။ ကျွန်ုပ်မိတ်ဆွေသည် ၎င်း၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စီးပွားရေးဆိုင်ရာ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ရယူရန်အတွက် နိုင်ငံရပ်ခြားသို့ ခေတ္တ သွားရောက်ပညာသင်ကြားနေစဉ်အတောအတွင်း ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာ ကျဆင်းစေရန်နှင့် ကုမ္ပဏီ၏ပုံရိပ်ကျဆင်းစေရန် ရည်ရွယ်၍ WECHAT, TIKTOK, FACEBOOK အစရှိသော လူမှုကွန်ရက် အမျိုးမျိုးမှ မဟုတ်မမှန်ရေးသားတင်ပြ နေမှုများကို တွေ့ရှိရပါသည်။ ကျွန်ုပ်၏မိတ်ဆွေ၏ လက်ရှိ အခြေအနေမှန်နှင့် ကိုက်ညီမှုမရှိသော မဟုတ်မမှန် စွပ်စွဲရေးသားပြောဆိုမှုများကို မည်သည့်လူမှု ကွန်ရက် တစ်ခုခုမှဖြစ်စေ၊ အခြားသော SOCIAL MEDIA PLATFORM တစ်ခုခုမှ ဖြစ်စေ ဆက်လက်လွှင့်တင်ခြင်း၊ ဖြန့်ဝေခြင်း၊ မှတ်ချက်ပြုရေးသားပြောဆိုခြင်း များလုံးဝ မပြုလုပ်ရန် အသိပေးတားမြစ်ကြောင်း ကြေညာအပ်ပါသည်။

ထို့ပြင် ကျွန်ုပ်မိတ်ဆွေနှင့် ကုမ္ပဏီ၏ ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်၍ ရေးသားဖော်ပြနေမှုများကို ဤကြော်ငြာပါရှိသည့်ရက်နေ့မှစ၍ ရပ်တန့်ပယ်ဖျက်ပေးရန်နှင့် လိုက်နာမှုမရှိဘဲ ဆက်လက် လုပ်ဆောင်နေမည် ဆိုပါက ဥပဒေနှင့်အညီ စုံစမ်းဖော်ထုတ်ကာ ကျူးလွန်သူများကို တည်ဆဲဥပဒေ များနှင့်အညီ ထိရောက်စွာ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဖြိုးဝေဇင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၇၈၄)**
**အမှတ်–၆၂၊ ပထမထပ်၊ အခန်း (၁၁)၊ ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၂၁၀၄၆၁၂၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာ အုပ်စု၊ ထိန်စွန်းကျေးရွာ (၇) လမ်းရှိ ကွင်းအမှတ် (၅၂၀/ B)၊ ဦးပိုင်အမှတ်(၃၉/၅၂) မြေအကျယ်အဝန်း အလျား ၄၀ ပေxအနံ ၁၂၀ ပေ ခြံမြေကွက်နှင့် ယင်းမြေပေါ်ရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အားလုံးအား လွှဲပြောင်း ရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးရဲမင်းဇော် (ဘ)ဦးရွှေမောင်မြင့် [၁၂/ကမရ (နိုင်)၀၆၁၂၄၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်လိုသူများမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ချိုသဲမွန် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၄၄၀၇၃)**
**ထိန်စွန်းကျေးရွာ (၄) လမ်း၊ သန္ဓေပင်ကျေးရွာအုပ်စု၊ မှော်ဘီမြို့နယ် ရန်ကုန်တိုင်းဒေသကြီး။**

## "ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀/က+ခ)၊ မြေကွက်အမှတ်(၂၂၉)၊ မာလာမြိုင်(၅)လမ်း၊ တိုက်အမှတ်(၆၁)၊ (၂)ခန်းတွဲ(RC)၊ (၆)ထပ်တိုက်၏ မြေညီ+ထပ်ခိုး၊ တိုက်ကို မျက်နှာမူလျှင် လက်ဝဲဘက်ခြမ်း၊ အကျယ်အဝန်း (မြေညီ/၅၅၂ စတုရန်းပေ)(ထပ်ခိုး/၂၇၆ စတုရန်းပေ)ရှိ တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာချက်"

အထက်ဖော်ပြပါ လိပ်စာရှိ တိုက်ခန်းသည် ၁။ ဦးစိုင်းသီဟဇော် [၁၃/နခန(နိုင်) ၀၆၂၈၆၀] ၂။ ဒေါ်သူဇာဝင်းထွဋ် [၇/ပခန(နိုင်)၃၅၃၈၇၉]တို့မှ ပိုင်ဆိုင်ပြီး တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း ပိုင်ဆိုင်ခွင့်ရှိသူမှာလည်း မိမိတို့နှစ်ဦးသာဖြစ်ကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း၊ မည်သူ့ကိုမျှ ကြိုတင်လွှဲ ပြောင်းရောင်းချထားခြင်းတို့ မရှိပါကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ပြည့်ပြည့်မိုး[၁၂/လမန (ပြု)၀၀၀၄၃၄]မှ (၉–၉–၂၀၂၆)ရက်စွဲဖြင့် အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း (မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက ဤအရောင်း အဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ပြည့်ပြည့်မိုး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ဝါဝါလွင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၃၈၉)**
**အမှတ်(၄၀)၊ မာလာမြိုင်(၇)လမ်း၊ ၁၆–ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း – ၀၉–၄၅၃၄၂၄၈၂၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် (၅)၊ပင်းယလမ်း၊ မြေကွက်အမှတ်(၉၁၇/က)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ပထမထပ်၊ (တိုက်ရှေ့မျက်နှာမူလျှင် လက်ယာ ဘက်ခြမ်း)၊ ဧရိယာ(၁၈ပေx၅၄ပေ) အကျယ်အဝန်းရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်စပ်လျဉ်းသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေရှင် ဒေါ်သိင်္ဂီနွဲ့ [၈/ဂဂန(နိုင်)၀၀၀၀၀၉]က အရှုပ်အရှင်းကင်းရှင်းစွာ ပိုင်ဆိုင်နေ ကြောင်း ဝန်ခံကတိပြုရောင်းချခဲ့သဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သက်ထက်နိုင် [၁၂/ဥကမ(နိုင်) ၁၉၀၇၉၂]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာချုပ် စာတမ်း(မူရင်း)များနှင့်တကွ ရုံးချိန်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက ဤတိုက်ခန်း အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သက်ထက်နိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်အေးဝင်း LL.B,D.B.L,D.I.P.L,BDS(MoFA)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၂၀၀၇၉)**
**တိုက်အမှတ်(11A)၊ အခန်းအမှတ်–15,244၊ ရေဝဏ်လမ်းမကြီး၊ ရေချမ်းသာကွန်ဒို၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၇၉၆၇၆၄၈၉၈**

## အမည်ပြောင်း

အဖ ဦးအောင်ကျော်ထွေး [၈/ပခက (နိုင်)၁၆၇၇၁၅]၏ သားနှင့် သမီးဖြစ်သူ ပခုက္ကူမြို့ပညာရေးကောလိပ်လေ့ကျင့် ရေး အလယ်တန်းကျောင်း Grade–9 မှ မောင်မြတ်သူရိန်ကျော်အား မောင်ဟိန်း လင်းသော်ဟု လည်းကောင်း၊ Grade–6 မှ မချောသဥ္ဇာကျော်အား မရှင်းမြတ် သွယ်ဟု လည်းကောင်း ပြောင်းလဲခေါ် ပါရန်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဘားအံမြို့၊ ရွှေပင်စည်ကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade–12 မှ မင်းဟိန်းခန့်လင်း၏ ဖခင် ဦးစိန်နိုင်(ခ) ဦးမင်းစိန်နိုင် (ခ) မင်းစိန်နိုင် [၃/ဘအန(နိုင်)၃၁၈၃၀၄] မှာ အမည် အမျိုးမျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းသာ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဥက္ကာ(၇)လမ်း၊ (ဂ)ရပ်ကွက်၊ အမှတ်(၂၀၃/ခ)၊ မြေဧရိယာ အကျယ်အဝန်း (၂၀ပေx၆၀ပေ) ရှိ ဦးအုန်းရွှေ အမည်ပေါက်သော မြေပေါ်တွင် ဆောက်လုပ်ထားသော(၁) ခန်းတွဲ (၆)ထပ်တိုက်၏ ဒုတိယထပ်(၃)လွှာ၊ တိုက်ခန်းအကျယ်အဝန်း (၁၇ပေx ၅၄ပေ)တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် တွဲကပ်တပ်ဆင်ထားသော ရေမီးမော်တာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ဒေါ်နှင်းဇာနည်ဖြူ [၁၂/လကန(နိုင်)၁၈၅၂၅၆]မှ တရားဝင် ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချ ပိုင်ခွင့်ရှိ၍ ပြန်လည်ရောင်းချရာတွင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စိမ်းလဲ့မောင် [၁၂/ကမရ(နိုင်)၀၅၈၉၃၃] မှ ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသပေးချေပြီး ဝယ်ယူရာတွင် အထက်ဖော်ပြပါ တိုက်ခန်းနှင့် ပတ်သက်ပြီး ကန့်ကွက်လို ပါက စာရွက်စာတမ်းမူရင်းများကို ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ပြသ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆောင်ရွက်ပြီးမြောက် သွားပြီဖြစ်ကြောင်း မှတ်ယူလိုက်မည်ဟု အများသိစေရန် ကြေညာအပ် ပါသည်။

**ဒေါ်စိမ်းလဲ့မောင်[၁၂/ကမရ(နိုင်)၀၅၈၉၃၃]၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အေးချမ်းမွန်(LL.B,DIPL) ဒေါ်ကျော့ကျော့ဦး(LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၄၄၇) အထက်တန်းရှေ့နေ(စဉ်–၅၆၃၅၆)**
**အခန်း(၄၀၆)၊ သုနန္ဒာ(၁၀)လမ်း၊ (ဆ)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉–၄၀၂၅၈၉၈၂၃**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ည)၊ သုဓမ္မာလမ်းနှင့် ရေလမ်းထောင့်၊ မြေကွက်အမှတ်(၂၁၅)၊ အကျယ်အဝန်း ဧရိယာ (၂၀၀၀) စတုရန်းပေရှိ ဦးအောင်သိန်း အမည်ပေါက် နှစ်(၆၀)ဂရန် မြေနှင့် နေအိမ် အား အမွေဆက်ခံပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်မာဦး [၁၂/ ဥကမ(နိုင်)၁၄၄၁၉၇] ပါ (၅)ဦးထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထား ပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်နေအိမ်အရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ရေး ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော် လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးကျော်ဇင် [၉/မကန(နိုင်)၀၈၁၇၃၇] ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ဇော်ဝင်း LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၇၈၂)**
**အမှတ်(၁၅)၊ ခိုင်ရွှေဝါလမ်း၊ မြဥယျာဉ်စိုက်ပျိုးရေးခြံ၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉ –၂၅၈၄၆၅၈၇၁၊ ၀၉–၉၅၃၀၁၀၇၇၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၇)၊ မြေကွက်အမှတ် (၁၅၉၂)၊ ၀. ၀၅၅ဧက၊ မြေကွက်တည်နေရာအမှတ်(၁၅၉၂)၊ ဒေါ်အေးအေးထွေး [၁၂/ကမရ(နိုင်)၀၅၀၀၅၈] အမည်ပေါက်၊ နှစ်(၆၀) မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဒေါ်အေးအေးထွေး [၁၂/ကမရ(နိုင်) ၀၅၀၀၅၈]ကိုယ်တိုင်မှ ပါမစ်ပျောက်ဆုံးကြောင်း တင်ပြလျှောက်ထားခဲ့သည့် ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ အဆောက်အဦရှိ(၁)ထပ်၊ အုတ်ညှပ်(၁)လုံးရှိပြီး ကိုယ်တိုင်နေ၍ ဒေါ်အေး အေးထွေးမှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုး ပေးပါသဖြင့် ၎င်း၏ အရောင်းမြေပုံကူး လျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက် အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင် ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ
## ( အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ – ၂၈၃ )
## အလုံခရိုင်တရားရုံးတော်

၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် – ၃၄
ကွယ်လွန်သူ ဦးမောင်စိုး (ခ) ဦးဖိုးဆိုး၏ကျန်ရစ်ခဲ့သည့်ပစ္စည်းနှင့် စပ်လျဉ်းသည့်အမှု

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတောင်ရပ်ကွက်၊ အောင်တော်မူလမ်း၊ အမှတ်– ၄၈တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးမောင်စိုး (ခ) ဦးဖိုးဆိုး၏ ကျန်ရစ်သောပစ္စည်းများအပေါ်၌ အမွေထိန်း လက်မှတ်ထုတ် ပေးပါမည် အကြောင်းနှင့် ဒေါ်ငွေးမော်က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ(၂၁ )ရက် (၁၃၈၈ – ခု၊ တော်သလင်းလဆန်း ၁၀ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည် ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးမောင်စိုး (ခ) ဦးဖိုးဆိုး၏ ကျန်ရစ်ခဲ့သည့် ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန်သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၂၁)ရက် (၁၃၈၈ခု၊ တော်သလင်းလဆန်း ၁၀ ရက်)၌ မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်း ကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီ မှတ်တမ်း များကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ – ၂၈၃နှင့်အညီ ဆင့်ဆို လိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင်ရုံးတော်က ဒေါ်ငွေးမော်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ရန်ကျော်ခေါင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**အလုံခရိုင်တရားရုံး**

## ပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ လုပ်ငန်း/ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည် -

| စဉ် | တင်ဒါအမှတ် | လုပ်ငန်း/ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | ၃၂၉/မမ/CE | မန္တလေးဘူတာ၌ ရထားသွားလာရေးထိန်းချုပ်မှု အဆောက်အဦအသစ် တည်ဆောက်ခြင်း (20.5 m x 6.5m) (R.C ၃ ထပ်) |
| ၂ | ၃၃၀/မမ/CME /MIT | လေအိတ်ဘိုဂီ အထက်တန်း (၃)တွဲနှင့် ပထမတန်း (၂)တွဲအသစ် တည်ဆောက် ခြင်း အတွက် လိုအပ်သော ပစ္စည်း (၁၁၀) မျိုး ဝယ်ယူရန် |

တင်ဒါပိတ်မည့်နေ့/အချိန် - အမှတ်စဉ်(၁) (၂၅.၉.၂၀၂၆) နေ့လည် (၂:၃၀) နာရီ
အမှတ်စဉ်(၂) (၂.၁၀.၂၀၂၆) နေ့လည် (၂:၃၀) နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါ ဌာနတွင် (၁၁.၉.၂၀၂၆) ရက်နေ့မှ စတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်-

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း 294352, 291994

## ပျောက်ဆုံးခြင်း

ဦးလှမိုး (ဘ) ဦးသိန်းညွန့် (၈/သရန(နိုင်)၀၅၂၃၇၆) ၏ မော်တော်ကား နံပါတ် (FF-4741) Filder ၏ CNG သဘာဝဓာတ်ငွေ့ မောင်းနှင်သုံးစွဲခွင့်ပြုခြင်းအနီကတ်ပျောက်ဆုံးသွားပါသဖြင့် ကန့်ကွက်မည့်သူရှိပါက ဆက်သွယ် အကြောင်းကြား ကန့်ကွက် နိုင်ပါသည်။

ဖုန်း-၀၉၄၂၂၀၃၃၇၁၀

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတိုးရပ်ကွက်၊ အကွက်အမှတ်– (၈၈–၁၀)၊ ဦးပိုင်အမှတ်– (၈၃)၊ ၅၀x၅၁ကြား၊ ၁၀၇x ၁၀၈လမ်းကြားရှိ တောဂရန် မြေကွက် အမည်ပေါက်သူ တပ်ကြပ်ကြီးတင်အောင် ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ် (၁၂၂၇/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဦးသန်းဝင်း[၁၃/နခန(ပြု) ၀၀၀၁၉၈]က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၂၁၃/၂၀၂၆–၂၀၂၇)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန်

(၁၀–၉–၂၀၂၆) ရက်နေ့ထုတ် ကြေးမုံသတင်းစာ၏ စာမျက်နှာ(၃၁)ပါ ဒေါ်အိမ့်အိမ့်ဦး (အထက်တန်းရှေ့နေ)မှ အများသိစေရန် ကြေညာချက်တွင် ဦးအောင်ကြိုင်(ဘ)ဦးအောင်တင့်အစား ဦးအေးကြိုင်(ဘ) ဦးအောင်တင့် ဟု လည်းကောင်း၊ ဦးအေးကြိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ ဟု လည်းကောင်း ပြင်ဆင်ဖြည့်စွက် ဖတ်ရှုပေးပါရန်။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်–၃ရပ်ကွက်၊ အကွက်အမှတ်(င–၂)၊ ဦးပိုင်အမှတ်– (၁၂၇)၊ ၆၂x၆၄ကြား၊ ၁၀၇x၁၀၈လမ်းကြားရှိ ဦးအေးကျော် အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံ စာချုပ်အမှတ် (၁၈၇၅/၂၀၂၂)ဖြင့် အမွေဆက်ခံခဲ့သော ဦးကျော်ဇောဟိန်း၊ ဒေါ်ဆုဝေထိုက်တို့(၂)ဦး အနက်ဒေါ်ဆုဝေထိုက်ထံမှ စွန့်လွှတ်စာချုပ်အမှတ် (၈၂၇/၂၀၂၆)ဖြင့် လက်ခံခဲ့သူ ဦးကျော်ဇောဟိန်း [၉/ခအဇ(နိုင်)၀၁၅၀၃၄]က အမှုတွဲအမှတ်(၂၂၃၇/၂၀၂၆– ၂၀၂၇) ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သမိုင်းမြို့ဟောင်း( ၂ )လမ်း၊ အမှတ်( ၉၂၄ )ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ ( ၆ )ထပ်တိုက်၏ ပဉ္စမထပ်(၆–လွှာ)(ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၂ပေx၅၀ပေ) ရှိ တိုက်ခန်း(၁)ခန်းနှင့်ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင် ယင်းတိုက် ခန်းပေါ်တွင် တွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းအားလုံးနှင့်တကွ အကျိုးခံစား ခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းတစ်စုံ တစ်ရာမျှမရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သော ဒေါ်မေသက်ခိုင် [၁၂/လမန(နိုင်) ၁၆၅၁၉၈]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးတေဇာ [၁၂/ကမရ(နိုင်)၀၆၀၈၈၄]သည် တိုက်ခန်းရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသ အား ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်း များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတေဇာ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ယုဇနအောင်(LL.B,D.B.L,D.I.L)**
**အထက်တန်းရှေ့နေ(စဉ်–၅၄၅၅၀)**
**အမှတ်(၁၈၁)၊ ပိတောက်မြိုင်လမ်း၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၇၇၃၆၂၁၆၉၊ ၀၉–၉၄၅၅၄၅၅၅၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃/၄ နဝဒေး၊ မြေကွက် အမှတ်–၁၆၀၅၊ ဧရိယာ(၀.၀၅၅)ဧက၊ မြေကွက်တည်နေရာအမှတ်–၁၆၀၅၊ ပုညလမ်း၊ (၆)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။ ဦးထွန်းအုပ်[၁၄/လမန(နိုင်) ၀၅၉၆၉၇] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးထွန်းအုပ်[၁၄/ လမန(နိုင်)၀၅၉၆၉၇](ခင်ပွန်း)သည် (၁၀–၂– ၂၀၁၀)ရက်နေ့တွင် ကွယ်လွန်သွားပါ သဖြင့် ဒေါ်ခင်စန်းမော်[၁၄/ကကန(နိုင်)၀၀၄၀၇၅](ဇနီး)မှ တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း၊ အခြားသောဇနီးတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ၎င်းသာ လျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ၎င်းမှလွဲ၍ အခြားအမွေဆက်ခံခွင့် ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျိန်ဆိုထားသည့် ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ ဂရန်မူရင်း၊ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ သာခုအိမ်ရာ၊ လေးထောင့် ကန်လမ်း၊ ယခင်အခေါ် တိုက် (စီ)၊ အခန်း (၁၀၁)၊ ယခုအခေါ် တိုက်အမှတ် (၂)၊ အခန်း(၁၀၁)၊ ပထမထပ်၊ အကျယ်အဝန်း (၁၂၀၀ စတုရန်းပေ) အကျယ်ရှိ တိုက်ခန်း နှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင် ပိုင်ဆိုင်လက်ရှိဖြစ်လျက် ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်သဇင်ဦး [၁၂/ဒဂန(နိုင်)၀၁၈၄၈၂] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက် အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကြည်ကြည်မွန်အေး (LL.B) ဒေါ်ချောနု(LL.B, D.B.L)**
**(စဉ် – ၁၁၃၅၆) (စဉ် – ၁၅၂၉၁)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၄၁၆)၊ အောင်ချမ်းသာ (၅) လမ်း၊ (၅၁) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်။ ၀၉–၇၈၀၉၃၄၅၀၇၊ ၀၉– ၄၂၁၀၀၄၆၆၁**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ဇီးဖြူကျွန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်–(၃၇၉)၊ ကွင်းအမည်–ညောင်ပိုင်းချောင်းကွင်း၊ ဦးပိုင်အမှတ်–(၁၆/၆)၊ G မြေအမျိုးအစား၊ ဧရိယာ (၀.၉၄ဧက)အကျယ်ရှိ ဦးပိုင်စိုးကျော် [၅/ရဘန (နိုင်)၂၃၃၆၂၁] အမည်ပေါက် မြေခွန်ပြေစာ ရရှိထားသည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မြို့မြေစာရင်းတွင် အမည်ပေါက် ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးပိုင်စိုးကျော် [၅/ရဘန (နိုင်)၂၃၃၆၂၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။

ထို့အတွက် အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်ပြုလုပ်သည့် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါရှိသည့် နေ့ရက်မှစ၍ (၁၄–ရက်) အတွင်း ကျွန်ုပ်ထံသို့ ခိုင်မာသည့် စာချုပ်စာတမ်း၊ စာရွက် စာတမ်း မူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

အကယ်၍ သတ်မှတ်ကာလ ပြည့်မြောက်သည့်နေ့ရက်သို့ ရောက်ရှိ သည့်တိုင် ကန့်ကွက်မည့်သူ တစ်စုံတစ်ဦးမျှမရှိပါက အထက်ဖော်ပြပါ မြေကွက် အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဒေါ်ခင်မျိုးကြည် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၉၇၁)**
**အမှတ် (၄၅၀)၊ ဓမ္မာရုံလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**Phone: 09–799 255 973**

## ဗိုလ်လောင်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲစစ်ဆေးမည့် နေ့ရက်၊ နေရာနှင့်အချိန်တို့အား အသိပေးခြင်း

၁။ စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းတို့အတွက် ဗိုလ်လောင်းလျှောက်လွှာတင်သွင်းသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်း ဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

| | | | | |
|---|---|---|---|---|
| (၁) **အင်္ဂလိပ်စာ** | ၀၉၀၀ | နာရီမှ | ၁၁၀၀ | နာရီအထိ။ |
| (၂) **ဇီဝဗေဒနှင့် ဓာတုဗေဒ** | ၁၃၀၀ | နာရီမှ | ၁၅၀၀ | နာရီအထိ။ |

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

| | | | | |
|---|---|---|---|---|
| (၁) **အင်္ဂလိပ်စာ** | ၀၉၀၀ | နာရီမှ | ၁၁၀၀ | နာရီအထိ။ |
| (၂) **သင်္ချာ** | ၁၃၀၀ | နာရီမှ | ၁၅၀၀ | နာရီအထိ။ |

(ဂ) **စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

| | | | | |
|---|---|---|---|---|
| (၁) **အင်္ဂလိပ်စာ** | ၀၉၀၀ | နာရီမှ | ၁၁၀၀ | နာရီအထိ။ |
| (၂) **သင်္ချာ** | ၁၃၀၀ | နာရီမှ | ၁၅၀၀ | နာရီအထိ။ |

၂။ စာမေးပွဲများကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်အလိုက် အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုကြရမည်-

| | |
|---|---|
| (က) **နေပြည်တော်** | အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း။ |
| (ခ) **မြစ်ကြီးနားမြို့** | တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ။ |
| (ဂ) **လားရှိုးမြို့** | တိုင်းစစ်ဌာနချုပ်ခန်းမ။ |
| (ဃ) **တောင်ကြီးမြို့** | တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ။ |
| (င) **ခိုလမ်မြို့** | တိုင်းစစ်ဌာနချုပ်၊ အောင်ဇေယျခန်းမ။ |
| (စ) **ကျိုင်းတုံမြို့** | တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။ |
| (ဆ) **မော်လမြိုင်မြို့** | တိုင်းစစ်ဌာနချုပ်၊ အောင်ဆန်းခန်းမ။ |
| (ဇ) **မြိတ်မြို့** | တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။ |
| (ဈ) **ရန်ကုန်မြို့** | တပ်မတော်ဆေးတက္ကသိုလ်(ပင်မစာသင်ဆောင်)။ |
| (ည) **ပုသိမ်မြို့** | တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ။ |
| (ဋ) **မုံရွာမြို့** | တိုင်းစစ်ဌာနချုပ်၊ ဇေယျာသီရိခန်းမ။ |
| (ဌ) **မန္တလေးမြို့** | တိုင်းစစ်ဌာနချုပ်၊ ရန်အောင်မြင်ခန်းမ။ |
| (ဍ) **တောင်ငူမြို့** | အမှတ်(၁၀)တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း။ |

၃။ ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရန်အတွက် သတ်မှတ်ချက်နှင့်ပြည့်စုံပြီး ဖြေဆိုခွင့်ရသူများအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အကြောင်းကြားပေးမည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် **ဖြေဆိုရမည့်ခုံအမှတ်နှင့် ဖြေဆိုရမည့်နေရာများကို** သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ **နိုင်ငံသားစိစစ်ရေးကတ်**ကို တစ်ပါတည်းယူဆောင်လာရမည်။ **နိုင်ငံသားစိစစ်ရေးကတ်** တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက **သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ စာစစ်ဌာနများ**တွင် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးမှုကြောင့် ပျက်စီးလျက်ရှိသည့် ၂၃၀ ကေဗွီ ရွှေကျင် - သာယာကုန်း ဓာတ်အားလိုင်း ပြုပြင်ပြီးစီးသဖြင့် ရွှေကျင်ရေအားလျှပ်စစ်စက်ရုံမှ ထုတ်လုပ်သည့် ဓာတ်အားများ ပြန်လည်ပို့လွှတ်

**နေပြည်တော် စက်တင်ဘာ ၁၀**

ပြည်သူတို့၏ အခြေခံလိုအပ်ချက်ဖြစ်သည့် ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများအပြင် နိုင်ငံတော် စီးပွားဖွံ့ဖြိုးမှုအတွက် လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ်ရရှိရေးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

သို့သော်လည်း PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားကို လျစ်လျူရှုပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေရန် ရည်ရွယ်၍ အဖျက်အမှောင့်လုပ်ရပ်များကို စဉ်ဆက်မပြတ် ပြုလုပ်လျက်ရှိရာ ၂၃၀ ကေဗွီ ရွှေကျင်–သာယာကုန်း

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❁




၂၃၀ ကေဗွီ ရွှေကျင် – သာယာကုန်း ဓာတ်အားလိုင်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

## တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် စက်တင်ဘာ ၁၀**

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဂျူဒိုပြိုင်ပွဲ Mix Team အသင်းလိုက် အတိုက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၁ ရက် မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (A) ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပပုံများကို ယင်းနေ့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်မှ စတင်၍ MRTV HD Channel၊ MRTV Sports Channelနှင့် MRTV Entertainment Channelတို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

သတင်းစဉ်

## PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက တံတားဦးအပြည့်ပြည့်ဆိုင်ရာ လေဆိပ်သို့ FPV suicide drone များဖြင့် တိုက်ခိုက်မှုအား လုံခြုံရေးတပ်ဖွဲ့များက ဟန့်တားနိုင်ခဲ့

စာမျက်နှာ » ၁၅

## ယနေ့နံနက်မှ စက်တင်ဘာ ၁၄ ရက်အတွင်း နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၁၀**

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်နေခြင်းကြောင့်လည်းကောင်း၊

**စာမျက်နှာ ၂၀ ကော်လံ ၃ သို့** ✤

## နိုင်ငံတကာဖိတ်ခေါ် International Futsal Cup 2026 ပြိုင်ပွဲ ဗိုလ်လုပွဲသို့ မြန်မာကလပ် MIU အသင်းနှင့် အင်ဒိုနီးရှားကလပ် Black Steel Papua အသင်း တက်ရောက်

**ရန်ကုန် စက်တင်ဘာ ၁၀**

နိုင်ငံတကာ ဖိတ်ခေါ် International Futsal Cup 2026 ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို စက်တင်ဘာ ၁၀ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပရာ မြန်မာကလပ် MIU အသင်းနှင့် အင်ဒိုနီးရှားကလပ် Black Steel Papua အသင်းတို့ ဗိုလ်လုပွဲတက်ရောက်ခဲ့သည်။

ဆီမီးဖိုင်နယ် ပထမပွဲတွင် အင်ဒိုနီးရှားကလပ် Black Steel Papua အသင်းက မြန်မာကလပ်

**စာမျက်နှာ ၂၀ ကော်လံ ၁ သို့** ❖



အင်ဒိုနီးရှားကလပ် Black Steel Papua အသင်းနှင့် မြန်မာကလပ် YRG အသင်းတို့ ယှဉ်ပြိုင်နေစဉ်။



ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

## M-League ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ဒုတိယအကျော့စတင်ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၀**

၂၀၂၆ M–League ယူ–၂၀ လူငယ်လိဂ်ပြိုင်ပွဲ ဒုတိယအကျော့ ပွဲစဉ် ၁၄ ပထမနေ့ကို စက်တင်ဘာ ၁၀ ရက်က စတင်ကျင်းပရာ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့ နိုင်ပွဲရရှိသည်။.

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက ဒဂုံစတားယူနိုက်တက်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ အမှတ်ပေးဇယားထိပ်ပိုင်းမှ အသင်းနှစ်သင်း ထိပ်တိုက်တွေ့ဆုံခြင်းဖြစ်ပြီး ရန်ကုန်ယူနိုက်တက်အသင်းက နိုင်ပွဲရယူပြီး ဒုတိယနေရာသို့ တက်လှမ်းနိုင်ကာ ဒဂုံစတားယူနိုက်တက်အသင်းမှာမူ အဆင့် ၃ နေရာသို့ ဆင်းပေးခဲ့ရသည်။ ပွဲမစခင်ကတည်းက မိုးသည်းထန်စွာရွာသွန်းပြီး ကွင်းထဲတွင် ရေဝပ်နေသဖြင့် နှစ်သင်းစလုံး ခက်ခက်ခဲခဲကစားခဲ့ရပြီး

**စာမျက်နှာ ၂၀ ကော်လံ ၁ သို့** ❐

## ဘာစီလိုနာအသင်းနဲ့ ပီအက်စ်ဂျီအသင်းတို့ ဂိုးပြတ်နိုင်ပွဲကိုယ်စီရရှိခဲ့



ပီအက်စ်ဂျီအသင်းနှင့် ဆလိုဗန်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

၂၀၂၆–၂၀၂၇ ဘောလုံးရာသီ ရဲ့ ချန်ပီယံလိဂ် အဖွင့်ပွဲစဉ်တွေကို စက်တင်ဘာ ၉ ရက် ညပိုင်းနဲ့ စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းတို့မှာ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ဘာစီလိုနာအသင်းနဲ့ ပီအက်စ်ဂျီအသင်းတို့ဟာ ဂိုးပြတ်နိုင်ပွဲကိုယ်စီရရှိခဲ့ပါတယ်။

ဘာစီလိုနာအသင်းဟာ အဖွင့်ပွဲစဉ်မှာ ဖီယင်နာအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရတာ ဖြစ်ပြီး

**စာမျက်နှာ ၂၀ ကော်လံ ၁ သို့** ❂